ကြေးမုံ
The Mirror

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (18-5-2009) (၆၀၄၂)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဟုမ္မလင်းမြို့ မြစန္ဒာတံတားနှင့် ရေထိန်းနံရံတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ခန္တီးခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မေ ၁၁ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဟုမ္မလင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ဘိုးရာဇာခန်းမ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ ခန်းမဖွင့်ပွဲသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထန်းတောညိုညို၊ ယာခင်းစိုစိုကြားက အားမာန်ဝင့်ကြွား ဝက်ခုတ်တံတား

သတင်းဆောင်းပါး-ဖေထွဏ်းဇော်(ရေစကြို)၊ ဓာတ်ပုံ-အောင်ဆန်း(ရေစကြို)

တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်ရာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ တစ်ခုနှင့် တစ်ခုအကြား ကူးသန်းဆက်သွယ် သွားလာရာတွင် ယခင်က သဘာဝအတားအဆီးများကြောင့် သွားလာမှု မလွယ်ကူဘဲ ဒေသဖွံ့ဖြိုးတိုးတက်မှု ကွာဟခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်သည့် အခြေခံ လိုအပ်ချက်တစ်ခုဖြစ်သော လမ်းပန်းဆက်သွယ်မှုကွန်ရက် တိုးတက်ကောင်းမွန်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

တည်ဆောက်ခဲ့သော လမ်းကွန်ရက်ကြီး အနက် မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကဇွန်းမ-မုံရွာလမ်းပိုင်းပေါ်မှ ဝက်ခုတ်တံတားသည် နိုင်ငံတော်အတွက် ပေ ၁၈၀ အထက် ၂၂၃ စင်းမြောက် တံတားဖြစ်သကဲ့သို့ မကွေးတိုင်းအတွက် ပေ ၁၈၀ အထက် ၁၈ စင်းမြောက် တံတားအဖြစ် ဝင့်ဝင့်ကြွားကြွား ပေါ်ထွန်းခဲ့သည်။ ဝက်ခုတ်တံတား ဖွင့်ပွဲအခမ်းအနားကို ၂၀၀၉ ခုနှစ် ဧပြီလ ၂၇ ရက်တွင် တံတားအနီး မင်္ဂလာမဏ္ဍပ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

ပုသိမ်- မုံရွာ လမ်းမကြီး (ကဇွန်းမ-မုံရွာလမ်းပိုင်း) ရေစကြိုမြို့နယ် အတွင်းရှိ တောင်ယမားချောင်းကို ဖြတ်သန်း တည်ဆောက်ထားသည့် ဝက်ခုတ်တံတားကို တွေ့ရစဉ်။

18-5)01.pmd 1 5/18/2009, 2:38 AM

ကြေးမုံ The Mirror
၁၈-၅-၂၀၀၉
(တနင်္လာနေ့)

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြု ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံ ဖွင့်လှစ်

နိုင်ငံ၏စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ရာတွင် လျှပ်စစ်စွမ်းအားသည် အဓိကအရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မြစ်ချောင်းများ ပေါများသဖြင့် ရေအရင်းအမြစ်၊ သဘာဝစွမ်းအား အခြေအနေပေးမှုအပေါ် တည်မှီ၍ ရေအားလျှပ်စစ်စီမံကိန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လုပ်ကိုင်နေသည်။

အထူးသဖြင့် ရေအားလျှပ်စစ်စီမံကိန်းများကို ရေအရင်းအမြစ်များပြားသည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းကြီးများနှင့် အခြားဒေသဆိုင်ရာ မြစ်ဝှမ်းငယ်များတွင် ဖြန့်ကြက်တည်ဆောက်လျက်ရှိသည်။ ရဲရွာ၊ ကွန်းချောင်း၊ ဖြူးချောင်း၊ ခပေါင်း၊ ရဲနွယ်၊ ရွှေကျင်၊ ရွှေလီ၊ ကျိုင်းတောင်းစသည့် စီမံကိန်းများပါဝင်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသည့် ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံကို မေလ ၁၆ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ ရွှေလီမြစ်တစ်လျှောက်တွင် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းသုံးခု တည်ဆောက်ရန် စီစဉ်ထားသည့်အနက် ရွှေလီအမှတ်(၁)စက်ရုံ စီမံကိန်းသည် ပထမဆုံး ပြီးစီးသွားသည့် စီမံကိန်းဖြစ်သည်။

ရွှေလီအမှတ်(၁)ရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကျိုးတူ ပူးပေါင်းတည်ဆောက်ပြီးစီးသွားသည့် ပထမဆုံးစီမံကိန်းဖြစ်ရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ညွှန်းလျက်ရှိသည်။

အဆိုပါရေအားလျှပ်စစ်စက်ရုံသည် စက်တပ်ဆင်အား မဂ္ဂါဝပ် ၆၀၀ ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အပါအဝင် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ တိုးမြှင့်ဖြည့်ဆည်းပေးနေသည်။ မကြာသေးမီကလည်း ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်နိုင်ခဲ့ရာ လွိုင်လင်၊ နမ့်စန်၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ ကျိုင်းတောင်း စသည့်မြို့များသည် လျှပ်စစ်မီးဖြင့် အလင်းဆောင်နေကြပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် ပြည်သူများ၏ ပြောင်းလဲတိုးတက်လာသည့် လူနေမှုအဆင့်အတန်း မြင့်မားလာမှုနှင့်အတူ ခေတ်မီစက်မှုလုပ်ငန်းများ တိုးတက်များပြားလာလျက်ရှိရာ နိုင်ငံ၏လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နှစ်စဉ်မြင့်မားလာလျက်ရှိသည်။ နိုင်ငံတော်အစိုးရက ရေအားလျှပ်စစ်စီမံကိန်းများစွာကို အချိန်မီတည်ဆောက်ပြီးစီးရေး၊ အဆိုပါစီမံကိန်းများမှ ထုတ်လွှတ်ပေးလာမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းကြီးများမှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့်ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးပြုနိုင်မည် ဖြစ်ပါသည်။ ။

သက်ကြီးဆရာဝန်များအထောက်အကူအဖွဲ့မှ သက်ကြီးဆရာဝန်များအား အရိုးပွမှုစစ်ဆေးပေးမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) သက်ကြီးဆရာဝန်များ အထောက်အကူအဖွဲ့မှ အသက်(၇၀)ကျော်ရှိ သက်ကြီးဆရာဝန်များအား အရိုးပွမှုစစ်ဆေးခြင်း (Bone Densitometry)ကို ဇွန် ၃ ရက်နှင့် ၅ ရက်များတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ စစ်ဆေးခံယူလိုသော အဖွဲ့ဝင်ဆရာဝန်ကြီးများသည် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များအထောက်အကူအဖွဲ့ ရုံးခန်း ဖုန်း-၃၉၄၂၂၉၊ ဒေါက်တာဌေးလွင် ဖုန်း-၀၉၈၅၅၃၂၈၉၊ ၀၉၈၀၂၀၀၆၈၊ ဒေါက်တာရီရီစိန် ဖုန်း-၅၂၄၈၈၇၊ ၀၉၂၁၃၁၅၃၂၊ ပါမောက္ခ ဒေါ်တင်တင်အောင် ဖုန်း-၅၀၀၉၄၀၊ ဒေါက်တာဒေါ်သိန်းကြည် ဖုန်း-၅၃၆၃၈၉ နှင့် ပါမောက္ခ ဒေါ်အုန်းကြည် ဖုန်း-၅၃၇၆၆၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

A/H1N1 ရောဂါကာကွယ်တားဆီးရေး အသိပေးရှင်းလင်းပွဲကို မေ ၁၅ ရက်က လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင် အမှာစကားပြောကြားပြီး မြို့နယ်တိမွေးကုတာဝန်ခံ ဒေါက်တာတင်ထွန်းနှင့် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကြည်ဆန်းထက်တို့က ရောဂါတားဆီးကာကွယ်ရေး အသိပေး ရှင်းလင်းပြောကြားစဉ်။ (၃၂၉)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီးများ ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်းပွဲ တက်ရောက်အားပေး

ရန်ကုန် မေ ၁၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၁ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ပတုပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင် ဦးကိုကိုအေးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ဂျမ်းပြင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကညင်တပင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ သံကူကွန်ကရစ် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ အရိုးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ လက်ပံခုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကုန်းဇောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ သံကူကွန်ကရစ်ကျောင်းဆောင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုး၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် မေ ၁၂ ရက်တွင် အင်္ဂပူမြို့နယ် မှန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည့် ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို တက်ရောက်အားပေးကြသည်။ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၂ ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် ကွင်းကောက်-မကျည်းကုန်းကြီး ကျေးရွာချင်းဆက် မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးပြီး လမ်းကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းကို အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်၏ခွင့်ပြုငွေကျပ် ၁၃၆ သိန်း အကုန်အကျခံ၍ အရှည်ပေ ၈၅၀၀၊ အကျယ် ၁၈ ပေရှိ မြေသားလမ်းအဖြစ် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကွင်းကောက်ဒေသအတွင်းမှ ကွင်းကောက်တောင်၊ ပေါက်ပင်ချောင်း၊ ရှမ်းစု၊ ရေသောက်ကန်၊ အလယ်ရိုး၊ ရွှေကြို့ပင်၊ ညာကန်၊ မကျည်းကုန်းကြီးကျေးရွာများ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စွာဖြင့် အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ပညာရေးငွေပဒေသာပင်များကို ဟင်္သာတမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် ပေးအပ်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး

နေပြည်တော် မေ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၁၀ ရက်တွင် ဧရာဝတီတိုင်း ဟင်္သာတမြို့ ကနောင်စုရပ်ကွက်ရှိ အမှတ်(၂၉) အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို လက်ထောက်တိုင်းပညာရေးမှူး ဟင်္သာတမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကျောင်းဆောင်သစ်ဆောက်လုပ်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လက်ထောက်တိုင်း ပညာရေးမှူး (စစ်ဆေးရေး) ဦးငွေစိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရေးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ လက်ထောက်တိုင်းပညာရေးမှူးက ပညာရေးဝန်ကြီးဌာနကိုယ်စား လက်ခံသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်းမိသားစုတို့က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ပညာရေးငွေပဒေသာပင်များကို ဟင်္သာတမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများ ဖြစ်ကြသည့် အမှတ်(၂၉)၊ အမှတ်(၂၇)၊ အမှတ်(၂၁)၊ အမှတ်(၃၆)၊ အမှတ်(၉)၊ အမှတ်(၁၈)နှင့် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းများသို့ ပေးအပ်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းကော်မတီဝင်များက လက်ခံကြသည်။

ဆက်လက်၍ အမှတ်(၂၉)အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ထိုင်ခုံနှင့် စားပွဲအရှည် ၁၀ စုံကို ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ယေးယိုနှင့် ကျောင်းကော်မတီ အကျိုးတော်ဆောင် ဦးသက်နိုင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့ အထွေထွေရောဂါကုဆေးရုံသို့ သွားရောက်ပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံကာ လိုအပ်ချက်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သန်မြန်သူ (၈၀)ယာဉ်လိုင်း လမ်းကြောင်းသစ်ဖွင့်

ရန်ကုန် မေ ၁၇

သန်မြန်သူ မော်တော်ယာဉ်လိုင်းကြီးကြပ်ရေး ကော်မတီဌာန(၃) သန်မြန်သူ (၈၀)ယာဉ်လိုင်း လမ်းကြောင်းသစ် ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီက တောင်ဥက္ကလာပမြို့နယ် ရတနာလမ်း (ဘဝမြင့်) (၈၀)ယာဉ်လိုင်းဂိတ်ရင်း၌ ကျင်းပရာ သန်မြန်သူ (၈၀)ယာဉ်လိုင်း လမ်းကြောင်းသစ်အား သန်မြန်သူ မော်တော်ယာဉ်လိုင်း ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သိန်း(ငြိမ်း)၊ နယ်မြေခံကော်မတီဝင် ဗိုလ်ကြီးလှအောင် (ငြိမ်း)နှင့် ဌာနခွဲမှူး ဦးလှမြင့်တို့က ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ သန်မြန်သူ (၈၀)ယာဉ်လိုင်းသည် တောင်ဥက္ကလာပမြို့နယ် (၈၀) ယာဉ်လိုင်းဂိတ်ရင်းမှ ရန်ကင်း-ကမ္ဘာအေး-လမ်း၀-မြောက်ဥက္ကလာ- အောင်မင်္ဂလာ အဝေးပြေး-အမှတ်(၃)လမ်းမကြီးအတိုင်း ပတ္တမြားမြို့သစ်သို့ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးစဉ်အစအဆုံး ယာဉ်စီးခမှာ ငွေကျပ် ၂၅၀နှုန်း သတ်မှတ်ထားကြောင်း သတင်းရရှိသည်။ (၅၀၆)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် လှိုင်းဘွဲ့မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ ၁၅ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဘားအံ-မြိုင်ကြီးငူ လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ လှိုင်းဘွဲ့မြို့နယ် ဂျိုချောင်းကျေးရွာအုပ်စုရှိ ဦးထွန်းငွေ၏ ရော်ဘာစိုက်ခင်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် အဖွဲ့ဝင်များအား မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာက ပြည်နယ်အတွင်းရှိ ရော်ဘာနှင့် ကြားသီးနှံ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ရော်ဘာအစေးကြိတ်လုပ်ငန်း ဆောင်ရွက်နေမှု၊ ရော်ဘာအစေးခြစ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရော်ဘာပျိုးပင်များ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသ စုံနံ့သာမြိုင်ဆွေမြို့တော်ရှိ ဘေသဇ္ဇမုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ငြိမ်းချမ်းရေးအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် လှိုင်းဘွဲ့မြို့နယ် အောင်ဆန်းခန်းမ၌ ကျင်းပသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြရာရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ဥက္ကဋ္ဌက မြို့နယ်၏ ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌက မြို့နယ်၏ စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က လှိုင်းဘွဲ့မြို့နယ်သည် နယ်မြေဒေသ အေးချမ်းတည်ငြိမ်လာပြီ ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန် ရရှိနေပြီဖြစ်ကြောင်းဖြင့် ပြောကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် လှိုင်းဘွဲ့တပ်နယ်ရှိ ဒေါနခန်းမသို့ရောက်ရှိကာ တပ်နယ်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာသို့ရောက်ရှိကြရာ ပြည်နယ် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက အိမ်ရာဆောက်လုပ်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြား၍ အိမ်ရာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ၌ ဆောက်လုပ်လျက်ရှိသော လူနေအိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ ကွမ်းခြံကုန်းမြို့နယ် ကျေးရွာများ၌ ဇီဝဘက်ထရီများ အခမဲ့ပေးဝေ

နေပြည်တော် မေ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် မေ ၁၁ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် ချောင်းဝ (အောက်ဆိပ်)ကျေးရွာ ဘုန်းကြီးကျောင်း၌ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာပြည်သူများအား တွေ့ဆုံကာ ဇီဝဘက်ထရီအသုံးပြုပုံကို ရှင်းလင်းပြသပြီး အခမဲ့ပေးဝေသည်။ ထို့နောက် ဝန်ကြီးသည် ကျေးရွာပြည်သူများအတွက် ဆန်၊ ဆီနှင့် ပဲတို့ကို တစ်အိမ်ချင်း လိုက်လံဝေငှပြီး ကျေးရွာလိုအပ်ချက်များကို ပံ့ပိုးပေးသည်။

ထို့နောက် သိုက်ကုန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများအားတွေ့ဆုံ၍ ဇီဝဘက်ထရီ အသုံးပြုပုံကို ရှင်းလင်းပြသကာ အခမဲ့ပေးဝေသည်။ ထို့နောက် ဝန်ကြီးသည် ဆန်၊ ဆီနှင့် ပဲတို့ကို ပေးအပ်ကာ ကျေးရွာလိုအပ်ချက်များကို ပံ့ပိုးပေးပြီး သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေသန့်စက်တစ်လုံးကို လှူဒါန်းသည်။

ဆက်လက်၍ သိုက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအသစ် ပြန်လည်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောင်းဝ (အထက်ဆိပ်)ကျေးရွာနှင့် ကညင်ကုန်းကျေးရွာတို့သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဇီဝဘက်ထရီ အသုံးပြုမှုကို ရှင်းလင်းပြသ၍ အခမဲ့ပေးဝေသည်။

ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများ တစ်အိမ်ချင်း ဝေငှကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကွမ်းခြံကုန်းမြို့နယ် သိုက်ကုန်းကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗီယက်နမ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁၇

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ကြပြီး ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် ဦးသန်းဌေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချူကုန်းဖုန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr. Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ညနေပိုင်း ထမင်း၊ ဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း၊ဟင်းချက်ပြုတ်ခြင်း မပြုရန်၊

(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊

(ဂ) မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြုသုံးစွဲရန်၊

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၅-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ "ငဝန်မြစ်ကူးတံတား(မြို့ကွင်း) တံတား"
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News
၈း၄၀ ၉။ "ကျော်သွားမှာလား . . . ဖော်စားမှာလား" (ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန်အောင်အောင်၊ မယ်လိုဒီ) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ မြန်မာစာ၊ မြန်မာစကား
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
၅း၁၀ ၇။ အကပဒေသာ
၅း၂၀ ၈။ "အနုပညာကြေးမုံပြင်တစ်ချပ်ကိုခံစားကြည့်ခြင်း" (နန်းတော်ရှေ့ဆရာတင် တေးများ)
၅း၄၅ ၉။ တေးသံရှင်ရွေးချယ်ပွဲ (အပိုင်း-၂)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၁၅ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမက်အလိုရှိသည်" (အပိုင်း-၅)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ " ချစ်သူသံစဉ် " (အပိုင်း-၁၈)**
၁၈။ အစီအစဉ်ပြီး၏။

ပြည်တွင်းစစ်ပြီးဆုံးပြီဟု သီရိလင်္ကာသမ္မတကြေညာ

ကိုလံဘို မေ ၁၇

သီရိလင်္ကာသမ္မတ မဟင်ဒရာရာဂျာပတ်စေးက စနေနေ့တွင် တမီလ်ကျားသူပုန်များနှင့် စစ်ပွဲသည် ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာသည်။

အစိုးရတပ်ဖွဲ့များက ထပ်မံ၍ အလုံးအရင်းနှင့် ထိုးစစ်ဆင်နွှဲပြီးနောက် အနှစ် ၃၀နီးပါး သူပုန်တို့ သိမ်းပိုက်ထားသော နယ်မြေအားလုံးနီးပါးကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း စစ်ဘက်အရာရှိများက စနေနေ့ စောစောပိုင်းတွင် ပြောကြားခဲ့သည်။

နှိမ်နင်းအောင်မြင်

အစိုးရတပ်ဖွဲ့များသည် နောက်ဆုံးမှာကျားသူပုန်တို့ကို နှိမ်နင်းအောင်မြင်ခဲ့ပြီဟု ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိနေသော သီရိလင်္ကာသမ္မတက ပြောကြားသည်။

အစိုးရတပ်ဖွဲ့များသည် အရှေ့မြောက်ပိုင်း မူလာသီဗူးကမ်းခြေတစ်ခုလုံးကို ပိတ်ဆို့ထားပြီး သူပုန်များသည် နယ်မြေအနည်းငယ်သာ ကျယ်ဝန်းသည့် တောထဲတွင် တဝဲလည်လည် ဖြစ်နေကြပြီဟု ကာကွယ်ရေးဌာန အရာရှိများက ပြောကြားသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့အရှေ့ဘက် ခို့စ်ပြည်နယ်တွင် အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် မြေပြင်ပေါ်တွင် ပြန့်ကျဲနေသော အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စစ်သွေးကြွများက ဒုံးကျည်ဖြင့် ပစ်ခတ် အာဖဂန် အရှေ့ပိုင်းတွင် သုံးဦးသေဆုံး

ခို့စ် မေ ၁၇

အာဖဂန်အရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် မေ ၁၅ရက် ညပိုင်း၌ စစ်သွေးကြွများက ဒုံးကျည်လေးစင်းဖြင့် တိုက်ခိုက်ရာ အရပ်သားသုံးဦး သေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက မေ ၁၆ရက်တွင် ပြောကြားသည်။

အဆိုပါဒေသတွင် နေတိုးတပ်ဖွဲ့ တပ်စွဲထားရာအနီးရှိဘာသာရေးအဆောက်အအုံကို ဒုံးကျည်တစ်စင်းထိမှန်ခဲ့ပြီး အရပ်သားသုံးဦးသေဆုံးကာ အခြားခြောက်ဦး ဒဏ်ရာရရှိသည်ဟု ပြည်နယ်လူထုကျန်းမာရေးဆိုင်ရာ ညွှန်ကြားရေးမှူး အမ်မာပါဒက်ချ်မန်ဂဲယ်က ပြောကြားသည်။ အခြားဒုံးကျည်သုံးစင်းသည် လူနေရပ်ကွက်အတွင်းသို့ ကျရောက်ခဲ့ပြီး ထိခိုက်ပျက်စီးမှုမရှိဟုဆိုသည်။

အဆိုပါ ဒုံးကျည်များသည် ခို့စ်ပြည်နယ်တောင်ဘက် ဂေါဘက်ဇ်ဒေသမှ ပစ်ခတ်ခြင်းဖြစ်သည်ဟု ပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံတန်ကျင်မြို့၌ ပြုလုပ်သော တန်ကျင်အပြည်ပြည်ဆိုင်ရာ မိုဘိုင်းဖုန်း နည်းပညာပြပွဲနှင့် မိတ်ဆက်ပွဲတွင် ယွမ်ငွေ ၂၀၀၀ အောက်တန်ဖိုးရှိ သရီးဂျီမိုဘိုင်းဖုန်းကို မေ ၁၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒုတိယမြောက် မလေးရှားနိုင်ငံသားတစ်ဦး A/H1N1 တုပ်ကွေးရောဂါ ကူးစက်ခံရ

ကွာလာလမ်ပူ မေ ၁၇

ပီနန်ပြည်နယ်မြောက်ပိုင်းရှိ ပီနန်ဆေးရုံ၌ A/H1N1 တုပ်ကွေးရောဂါ ဒုတိယမြောက် မလေးရှားနိုင်ငံသားတစ်ဦး၌ ကူးစက်ဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ရမ်လီရာမတ်က စနေနေ့တွင် ပြောကြားခဲ့သည်။

လူနာအမျိုးသမီးသည် သောကြာနေ့တွင် ပီနန်ဆေးရုံသို့ တက်ရောက်၍ ဆေးကုသမှုခံယူခဲ့ပြီး စနေနေ့နံနက်တွင် တုပ်ကွေးရောဂါဖြစ်ပွားကြောင်း အတည်ပြုပြောကြားခဲ့သည်။သူမသည် ဆီလမ်ဂါပြည်နယ် အချက်အချာရှိ ဆန်ဂါဘူးလော့ဆေးရုံ၌ ကူးစက်ရောဂါ ခံစားနေရသော ပထမလူနာအမျိုးသား၏ သူငယ်ချင်းဖြစ်ကြောင်း၊ အမေရိကန်မှ လေယာဉ်တစ်စင်းတည်း အတူလိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း ရမ်လီက ထပ်မံပြောကြားခဲ့သည်။

ယင်းလူနာနှစ်ဦးစလုံး၏ အခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း ဆရာဝန်များက ပြောကြားခဲ့သည်။ အသက် ၂၁နှစ်ရှိ ပထမလူနာသည်အမေရိကန်ပြည်ထောင်စု နယူးဂျာစီမှမလေးရှားနိုင်ငံ ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ်သို့ ပျံသန်းသည့် မလေးရှားလေကြောင်းလိုင်း အမ်အိတ်ချ်-၀၉၁ လေယာဉ်ဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

လိုက်ပါလာသည့် ခရီးသည်များအားလုံးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ခရီးစဉ်ရပ်နားထားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ကွန်ချိုဟက ပြောကြားခဲ့သည်။ ***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေ

ဘဂ္ဂဒက် မေ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မတ်ရှ်တဲလ်ရပ်ကွက် အဓိကလမ်းမကြီးပေါ်တွင် စနေနေ့က ရဲတပ်ဖွဲ့ကင်းလှည့်ကားတစ်စီးကို လမ်းဘေးဗုံးခွဲတိုက်ခိုက်ရာ ရဲကားပျက်စီးသွားပြီး ပါလာသောရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း အမည်မဖော်လိုသူ တစ်ဦးက ဆင်ဟွာသို့ သတင်းပေးသည်။ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိကြောင်း ထပ်မံပြောကြားသည်။

စနေနေ့စောစောပိုင်းက ဘဂ္ဂဒက်အနောက်ဘက် ၁၅ ကီလိုမီတာအကွာ အဘူဂရစ်နယ်မြေ၌ ကင်းလှည့်ကားတစ်စီးကို လမ်းဘေးဗုံးခွဲ တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားငါးဦးဒဏ်ရာရရှိခဲ့သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် အသေခံဗုံးများဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သော ယာဉ်များကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်အနောက်ပိုင်း၌ ရဲတပ်ဖွဲ့ဝင်သုံးဦး၊ တာလီဘန်နှစ်ဦးသေ

ကဘူး မေ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဖာရပ်ပြည်နယ်၌ တိုက်ပွဲဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် တာလီဘန်နှစ်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အဒူလ်ရာဖစ်အာမဒီက ပြောကြားသည်။

ဒူလာရန်ခရိုင်ရှိ စစ်ဆေးရေးဂိတ်မှ ရဲတပ်ဖွဲ့ကို စနေနေ့ နံနက် ၁နာရီတွင် တာလီဘန်စစ်သွေးကြွများက ဝင်ရောက်စီးနင်းရာ ရဲတပ်ဖွဲ့က ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် တာလီဘန်နှစ်ဦး သေဆုံးကြောင်း အာမဒီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း အာမဒီကထပ်မံ ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းမှတ်စု

တူရကီ၌ A/H1N1 တုပ်ကွေးရောဂါ ပထမဆုံးဖြစ်ပွား

တူရကီနိုင်ငံတွင် မေ ၁၆ရက်က A/H1N1 တုပ်ကွေးရောဂါ ပထမဆုံးဖြစ်ပွားကြောင်း ကျန်းမာရေးဌာနက အတည်ပြုခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အမေရိကန်နိုင်ငံမှလာသော ပြည်ပနိုင်ငံသားတစ်ဦးသည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ အတာတာ့ခ်လေဆိပ်သို့ A/H1N1 တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးများ သယ်ဆောင်လာခဲ့ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါ အမျိုးသားသည် လေဆိပ်အတွင်းဝင်ရောက်လာချိန်၌ ကိုယ်အပူချိန်မြင့်မားနေသည်ကိုတွေ့ရှိရပြီး စမ်းသပ်စစ်ဆေးရန် အစ္စတန်ဘူလ်မြို့ ဆေးရုံတစ်ရုံ၌ ၎င်းအား စောင့်ကြည့်လေ့လာနေကြောင်းသိရသည်။ မေ ၁၆ရက် နံနက်ပိုင်းက အစ္စတန်ဘူလ်လေဆိပ် နေ့ာဟိုတယ်၌ ယင်းသို့ဖြစ်ပွားမှုကို တူရကီကျန်းမာရေးဌာန တာဝန်ရှိသူများက ကြေညာမည်ဖြစ်သည်။ တုပ်ကွေးရောဂါ ကာကွယ်ရန် တူရကီနိုင်ငံလေဆိပ်များနှင့် သင်္ဘောဆိပ်များ၌ အပူချိန်တိုင်းတာသော ကင်မရာများ တပ်ဆင်ထားခဲ့သည်။

ဖိလစ်ပိုင်တောင်ပိုင်းကျေးရွာများအား သူပုန်များ မွှေနှောက်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ကျေးရွာတစ်ရွာအား မေ ၁၅ရက်က ခွဲထွက်ရေးသူပုန်များက ဝင်ရောက်မွှေနှောက်ခဲ့ပြီး အရပ်သားအများအပြားကို ဖမ်းဆီးသွားခဲ့ကြောင်း စနေနေ့တွင် စစ်ဘက်က ပြောကြားသည်။

နိုင်ငံ၏အကြီးဆုံးခွဲထွက်ရေးအဖွဲ့ဖြစ်သည့် မိုရိုအစ္စလာမ့်စ်လွတ်မြောက်ရေးတပ်ဦး(အမ်အိုင်အယ်လ်အက်ဖ်) အဖွဲ့ဝင် ၅၀ ကလည်း ဆူလ်တန်ကူဒါရတ်ပြည်နယ် လီဘက်ခ်မြို့ ဘာဆတ်ကျေးရွာ၌ မေ ၁၅ရက် ညပိုင်းက ကုန်စုံဆိုင်များကို မွှေနှောက်ဖျက်ဆီးခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။ ၎င်းသူပုန်များ ထွက်ပြေးနေရသောကြောင့် လူသားဒိုင်းအဖြစ် အသုံးပြုရန် အရပ်သား ၂၀ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး နေအိမ်များနှင့် မွေးမြူထားသော တိရစ္ဆာန်တဲများအား သူပုန်များက မီးရှို့ခဲ့ကြသည်။

နိုင်ဂျီးရီးယား၌ စစ်သွေးကြွ ၂၀၀ထက်မနည်း သေဆုံး

နိုင်ဂျီးရီးယားနိုင်ငံ ဒယ်လ်တာပြည်နယ် အရှေ့တောင်ပိုင်းတွင် နိုင်ဂျီးရီးယားတပ်ဖွဲ့နှင့် စစ်သွေးကြွများအကြားတိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်သွေးကြွ၂၀၀ထက်မနည်း သေဆုံးကြောင်း လုံခြုံရေးအဖွဲ့က မေ၁၅ရက်တွင်ပြောကြားသည်။ တိုက်ပွဲသည် မေ ၁၅ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းသည် အဆိုပါဒေသတွင် သင်္ဘောနှစ်စင်းကို အပိုင်စီးခဲ့သည့်အပြင် အစိုးရတပ်ဖွဲ့များကိုတိုက်ခိုက်နေသည့် စစ်သွေးကြွများအား သုတ်သင်ရှင်းလင်းရန်အတွက် စစ်ဆင်ရေးဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နယူးဇီလန်မြောက်ပိုင်းကျွန်း၌ အင်အားပြင်းငလျင်လှုပ်

နယူးဇီလန်နိုင်ငံ မြောက်ဘက်ကျွန်းမြောက်ဘက် ကာမာဒက်ကျွန်းအစွန်းပိုင်းဒေသ၌ မေ ၁၆ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် မွန်းလွဲ၁၂နာရီ၅၃မိနစ်ကအော့ကလန်ဒေသ အရှေ့မြောက်ဘက် ကီလိုမီတာ ၈၃၀အကွာ နယူးဇီလန်နိုင်ငံပိုင်နက်အတွင်း ရေပြင်အောက်ကီလိုမီတာ ၁၀ အနက်၌ လှုပ်သွားကြောင်း နယူးဇီလန်ဘူမိနှင့်နျူကလီးယားသိပ္ပံတက္ကသိုလ်က ဖော်ပြသည်။ သေကျေဒဏ်ရာရရှိမှု သို့မဟုတ် ပျက်စီးမှုများကို ဖော်ပြခြင်းမရှိသေးချေ။ ဟာဝိုင်ရီအခြေစိုက် ပစိဖိတ်ဆူနာမီသတိပေးရေးဌာနက ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ လူမျိုးစုဒေသ၌ ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့် ပစ်ခတ် ပါကစ္စတန်လူမျိုးစုဒေသတွင် ကိုးဦးသေဆုံး

ပါကစ္စတန်နိုင်ငံ လူမျိုးစုဒေသ အာဖဂန်နစ္စတန်နယ်စပ်ရှိ မြောက်ဝါဇီရစ္စတန်ဒေသ မာအလီခရိုင်ခွဲ ခိုဆောဒေသတွင် ယာဉ်တစ်စီးနှင့် မာဒါဆတ်ဒေသ၌ အမေရိကန်မောင်းသူမဲ့လေယာဉ် ဒုံးကျည်နှစ်စင်း ထိမှန်မှုကြောင့် မေ ၁၆ရက်က ကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပြည်တွင်းရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။ အမေရိကန် မောင်းသူမဲ့လေယာဉ်များသည် ပြည်တွင်းဒေသခံအများအပြားရှိသော မြောက်ဝါဇီရစ္စတန် ဒေသအပေါ် ဝဲပျံနေဆဲရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စုစည်းရေးသားသူ - စိုးစိုးနိုင်

ဘုရင့်နောင်မီးသတ်စခန်းနှင့် လှိုင်မီးသတ်စခန်း ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်မီးသတ်စခန်းနှင့် လှိုင်မြို့နယ် မီးသတ်စခန်းတို့သို့ သွားရောက်၍ စခန်းဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ဘုရင့်နောင်မီးသတ်စခန်း၌ ငါးယူနစ်နှစ်ထပ် သံကူကွန်ကရစ် ဆောက်လုပ်ပြီးစီးမှုနှင့် (၄)ခန်းတွဲ နှစ်ထပ် ဝန်ထမ်းနေအိမ် ဆောက်လုပ်မည့်မြေနေရာကို သတ်မှတ်ပေးပြီး လှိုင်မြို့နယ် မီးသတ်စခန်း ငါးယူနစ် နှစ်ထပ် တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ မီးသတ်ယာဉ်၊ စက်များ ကြံ့ခိုင်ကောင်းမွန်မှု၊ တပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းများသန့်ရှင်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တပ်ဖွဲ့ဝင်များအား စိတ်ဓာတ်၊ စည်းကမ်း၊ စည်းရုံးစွမ်းရည်ရှိစေရေး၊ မီးဘေးလုံခြုံရေး စီမံချက်ပါအတိုင်း ဇာတ်တိုက် လေ့ကျင့်ထားရှိရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်မီးသတ်စခန်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာ၌ကျင်းပသော ကျေးရွာများမီးလင်းစေရေးအတွက် ဇီဝဘက်ထရီပေးအပ်ပွဲ အခမ်းအနားတွင် ဇီဝဘက်ထရီတစ်လုံး ပြုလုပ်သုံးစွဲနိုင်သည့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ရန်ကုန်မြို့ရှိလမ်းများအဆင့်မြှင့်ရေးဆောင်ရွက်

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ဌာနမှူးများ လိုက်ပါ၍ မေ ၁၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လမ်းများ အဆင့်မြှင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေး တို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ ဘုမ္မာလမ်း အဆင့်မြှင့်ရေးအတွက် ကျောက်ချောကတ္တရာလမ်း ခင်းကျင်းပြီးစီးမှု၊ လမ်းဘေးရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရန် အုတ်ရေနုတ်မြောင်း ပြုလုပ်ထားရှိမှု၊ မီးသတ်အုတ်ရေကန်များ ပြုလုပ်ထားရှိမှုနှင့် မေဓာဝီလမ်း ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့်ခင်းရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်ရှိ သစ္စာလမ်း အဆင့်မြှင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့ အတွက် စက်ယန္တရားကြီးများဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှု၊ အမှတ်(၇)ရပ်ကွက်ရှိ ရာဇာဓိရာဇ်လမ်းတိုးချဲ့ ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု၊ အမှတ်(၁၅)ရပ်ကွက်ရှိ အလယ်လမ်းနှင့် အမှတ်(၄)ရပ်ကွက်ရှိ စာဂလမ်းသွယ် လမ်း၂၀အဆင့်မြှင့်ရေးတို့အတွက် ကွန်ကရစ်လမ်းခင်းရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် အမှတ် (၁၃) ရပ်ကွက် ဒေဝဒဟတ်လမ်းရှိ ကျိုက္ကဆံချောင်းဖြတ် တံတားပြုပြင်ထိန်းသိမ်းနေမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီးသက်ဆိုင်ရာ လုပ်ငန်းများအလိုက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၉)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းအား ကတ္တရာ ကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၉)

ဒုတိယဝန်ကြီး ဒေါက်တာမြဦး (၄)ကြိမ်မြောက် ဓာတုပစ္စည်း ထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မေ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၄ ရက်မှ ၈ ရက်အထိ ကျင်းပသော (၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ (အောက်ပုံ)

အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း ၁၂၀ မှ ကိုယ်စားလှယ်များနှင့် ဝန်ကြီး၊ ဒုတိယဝန်ကြီး ၈၀ ခန့် တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ကျန်းမာရေး ဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်နှင့် အမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်မြင့်တို့ တက်ရောက်ခဲ့ကြသည်။

(၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းစင်တာ၌ကျင်းပရာ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ညွှန်ကြားရေးမှူး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပတ်ဝန်းကျင် ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ညီလာခံဥက္ကဋ္ဌတို့က မိန့်ခွန်းအသီးသီး ပြောကြား၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၇ရက် ညနေပိုင်းတွင် ပြင်သစ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မော်လဒိုက်နိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ အုပ်စုခွဲ၍ စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပရာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးနှင့် ဓာတုပစ္စည်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ (၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးကို ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်း ၁၂မျိုး (Persistent Organic Pollutants-POPs)ကို ဖယ်ရှားရေး၊ အဆိုပါ အန္တရာယ်ရှိ ဓာတုပစ္စည်းများအစား အခြားကျန်းမာရေးအတွက် အန္တရာယ်ကင်းသောဓာတုပစ္စည်းများဖြင့် အစားထိုးသုံးစွဲရေး၊ ကျန်းမာရေးအတွက် အန္တရာယ်ကင်းသော ဓာတုပစ္စည်းများ ဖော်ထုတ်ဆောင်ရွက်ရေး၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် ကိရိယာများကိုဖျက်ဆီးရေး၊ အန္တရာယ်ရှိ ဓာတုပစ္စည်းများကင်းစင်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ကို စုပေါင်းတည်ဆောက်ရေးစသည့် ဦးတည်ချက် ငါးရပ်ဖြင့် ကျင်းပခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မေ၈ရက်တွင် အဆိုပါ ဦးတည်ချက်ငါးရပ်ကို အခြေခံ၍ ဆွေးနွေး ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၂ ခုနှစ်တွင်ပိုးသတ်ဆေး မှတ်ပုံတင်ရေးအဖွဲ့ကို တည်ထောင်၍ မြန်မာနိုင်ငံအတွင်းသို့ ပိုးသတ်ဆေးများတင်သွင်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပယ်ဖျက်ခြင်းစသောလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ပိုးသတ်ဆေးဆိုင်ရာ ဥပဒေကို ၁၉၉၀ပြည့်နှစ်တွင် ပြဋ္ဌာန်း၍ ယခုအခါတွင် ပိုးသတ်ဆေး အမျိုးပေါင်း ၈၀၀ ကျော်ခန့် ကိုမှတ်ပုံတင်ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအစည်းအဝေးက သတ်မှတ်သော ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် ဓာတုပစ္စည်း ၁၂မျိုးနှင့် စပ်လျဉ်း၍ ဒီတီတီ (DTT) မှလွဲ၍ ကျန် ၁၁ မျိုးကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးကြောင်းနှင့် ၎င်းတို့ကို အသုံးပြုခြင်းလည်း မရှိပါကြောင်း၊ ဒီတီတီဆေးကို ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုသော်လည်း စနစ်တကျသေချာစွာ ကြပ်မတ်၍ အသုံးပြုလျက်ရှိကြောင်း၊ ယခုအခါတွင် ဒီတီတီသုံးစွဲမှုကို တဖြည်းဖြည်း လျှော့နည်းစေပြီး အခြားဆေးများဖြင့်အစားထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။ သို့ရာတွင် ကျန်းမာရေး အန္တရာယ်ပြု ဓာတုပစ္စည်းများ ထုတ်လွှင့်မှုမရှိသည့် လျှပ်စစ် Transformer နှင့် Power Line grid များ သုံးစွဲရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အမျိုးသားကော်မရှင်ကို ၁၉၉၀ ပြည့်နှစ်ကတည်းက ဖွဲ့စည်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စရပ်များကို အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသတွင်းနှင့် ပြည်တွင်းမှ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ အမျိုးသားကော်မရှင် (NCEA)အနေဖြင့် မြန်မာ Agenda 21ကို ၁၉၉၇ခုနှစ်ကတည်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးနှင့် လူသားတို့၏ အသက်အန္တရာယ်ကာကွယ်ရေးအတွက် အဓိကထားရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါရေးဆွဲချက်နှင့် အညီ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာစီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် စတော့ဟုန်းကွန်ဗန်းရှင်းမှ သတ်မှတ်ထားသော ဓာတုပစ္စည်း ၁၂မျိုးနှင့် ယခုအစည်းအဝေးသို့ တင်သွင်းသော ဓာတုပစ္စည်း ကိုးမျိုး၊ စုစုပေါင်း ၂၁ မျိုးသည် တိုင်းပြည်အသီးသီး၏ ပြဿနာတစ်ခုသာမကဘဲ၊ နယ်စပ်ဖြတ်ကျော်မှုနှင့် ကမ္ဘာ့လူသားတို့၏ ကျန်းမာရေးနှင့်ပါ ပတ်သက်ကြောင်း၊ ထို့ကြောင့် ကူးစက်ရောဂါများ ကမ္ဘာသို့မပြန့်ပွားအောင် ဆောင်ရွက်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများကို အကူအညီပေးမှသာ ယခုအစည်းအဝေးကြီးက မျှော်မှန်းထားသော ကျန်းမာရေးကို အဓိကဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်း၂၁မျိုးကို ဖယ်ရှားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးကို မေ ၈ရက် ည ၉နာရီတွင် အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်၍ ကျင်းပပြီးစီးသွားသည်။

ဒုတိယဝန်ကြီးသည် မေ ၆ရက်တွင် ယနေ့ ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသည့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ (New H1N1)နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ဓာတ်ခွဲခန်းဆိုင်ရာ ကိစ္စရပ်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၁ ရက်တွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြိုတင်ကာကွယ် သွေးတိုးရောဂါအန္တရာယ်

ပါမောက္ခ ဦးတင်လတ်
(နှလုံးဆေးကုသဌာန)

သွေးတိုးရောဂါသည် ကမ္ဘာ့ကပ်ရောဂါ

ကမ္ဘာတစ်ဝန်း ၁ ဒသမ ၅ ဘီလီယံကျော် လူသားများသည် သွေးတိုးရောဂါကို ခံစားနေကြရပါသည်။ သွေးတိုးရောဂါသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကြောင့် သေစေသော အဓိကအကြောင်းရင်းကြီးဖြစ်ပါသည်။

အငန်(ဆား)ဓာတ်သည် သွေးတိုးရောဂါဖြစ်စေသော အဓိကအကြောင်းရင်း

အငန်(ဆား)ဓာတ်(ဆိုဒီယမ်) လွန်ကဲစွာစားသုံးခြင်းသည် လူကြီး ၁၀ဦးတွင် သုံးဦး သွေးတိုးရောဂါဖြစ်ပေါ်စေပါသည်။ ဤသွေးတိုးရောဂါသည် နှလုံးသွေးကြောရောဂါကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်း ဖြစ်ပါသည်။ လေဖြတ်ရောဂါ၏ ၆၄ ရာခိုင်နှုန်းနှင့် နှလုံးသွေးကြောကျဉ်းရောဂါသည်များ၏ ၄၉ ရာခိုင်နှုန်းသည် သွေးတိုးရောဂါကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ဆိုဒီယမ်ကို လျှော့၍စားသုံးလျှင် သွေးတိုးရောဂါကို လျော့နည်းစေပါသည်။ ကမ္ဘာတစ်ဝန်းတွင် သွေးတိုးရောဂါကြောင့်သေဆုံးသူ နှစ်စဉ်ခုနစ်သန်းခန့် ရှိနေပါသည်။ ဤသို့ အများအပြားသေဆုံးမှုများကို ဆိုဒီယမ်ဓာတ်လျှော့စားသုံးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ပို၍သိရှိသင့်သောအချက်တစ်ခုမှာ ဆိုဒီယမ်ဓာတ်သည် ထမင်းစားပွဲရှိ ဆားတွင်ပါဝင်သော်လည်း ကျွန်ုပ်တို့ စားသုံးသော ဆိုဒီယမ်ဓာတ် ရာခိုင်နှုန်း ၈၀ သည် အသင့်ပြုလုပ်သော အစားအစာများနှင့် စားသောက်ဆိုင်အစားအစာများမှ ရရှိနေခြင်းဖြစ်ကြောင်း သိရှိသင့်ပေသည်။

အငန်(ဆား)ဓာတ်လျှော့ကျအောင် ပြုလုပ်သင့်သည့်အချက်များ

နိုင်ငံအားလုံးသည် မိမိတို့၏ဆားဓာတ်သုံးစွဲမှုကို လျှော့ကျအောင် မဖြစ်မနေ ပြုလုပ်သင့်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် လူတစ်ဦးချင်း နေ့စဉ်ပျမ်းမျှဆားသုံးစွဲမှုမှာ ၉-၁၂ ဂရမ်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ လူတစ်ဦးချင်း နေ့စဉ်ဆားသုံးစွဲမှုကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း ၅-၆ ဂရမ်ထက်မပိုရဟု သတ်မှတ်ထားပါသည်။ နောက်ဆုံးလေ့လာတွေ့ရှိချက်အသစ်များအရ လူတစ်ဦးချင်း နေ့စဉ်ဆားသုံးစွဲမှုကို လက်ဖက်ရည်ဇွန်းတစ်ဝက်ထက်မပိုရဟု သတ်မှတ်ထားပါသည်။ ၎င်းပြင် ကလေးများတွင် ၎င်းထက်ပိုမို၍ နည်းသင့်သည်ဟု သတ်မှတ်ထားပါသည်။

နိုင်ငံအလိုက် ဆားဓာတ်လျှော့ချခြင်းသည် နှလုံးသွေးကြောရောဂါကာကွယ်ရေးတွင်ငွေကြေးကုန်ကျမှုအနည်းဆုံးနှင့် အထိရောက်ဆုံးဖြစ်သည်။ ဆားသုံးစွဲမှုကို တစ်ဝက်ခန့်လျှော့ချနိုင်လျှင် ကမ္ဘာတစ်ဝန်း လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်၍ နှစ်စဉ်သေဆုံးခြင်းကို ၂ ဒသမ ၅ သန်းခန့် လျှော့ကျစေနိုင်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံတွင်အငန်(ဆား)သုံးစွဲမှုလျှော့ကျအောင်ပြုလုပ်ရန်နည်းလမ်းများ

အစားအစာမှရသော ဆားဓာတ်အများစုမှာ အသင့်ပြုလုပ်ပြီး၊ ထုပ်ပိုးပြီးအစားအစာ၊ စားသောက်ဆိုင်မှအစားအစာ၊ အမြန်ရသောအစားအစာတို့မှ ရရှိခြင်းဖြစ်ပါသည်။ ဆားသုံးစွဲမှုကိုလျှော့ကျအောင် အဓိကပြုလုပ်သင့်သော နည်းလမ်းများမှာ-

- စားသောက်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး အစားအသောက်ထုတ်လုပ်ရာတွင် ဆားထည့်သွင်းမှုကို လျှော့ချအောင် ညွှန်ကြားခြင်း၊
- အစိုးရများအား မိမိတို့နိုင်ငံအလိုက် ဆားသုံးစွဲမှုကန့်သတ်ချက် မိမိတို့ဘာသာ ထားရှိစေရန်တိုက်တွန်းခြင်း၊
- အစားအသောက်များတွင်ပါရှိသော ဆားဓာတ်ပမာဏကို ဖော်ပြစေရန် ညွှန်ကြားခြင်း၊
- ပြည်သူများအား အငန်ဓာတ်ကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများကို ပညာပေးခြင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အငန်သုံးစွဲမှုကို လျှော့ကျအောင် ပြုလုပ်နည်းများ

အငန်ဓာတ်အများစုသည် ဟင်းချက်ရာမှလည်းကောင်း၊ တို့စရာများမှလည်းကောင်း ရရှိပါသည်။

- အစားအစာများတွင်ပါသော အငန်ဓာတ်အများစုသည် မည်သို့ပါဝင်နေသည်ကို ဆန်းစစ်ခြင်း၊
- ကျန်းမာရေး အဖွဲ့အစည်းများနှင့် အစိုးရများအား အငန်ဓာတ်၏အရေးကြီးပုံကို ဆွေးနွေးတင်ပြခြင်း၊
- ပြည်သူအများအား အငန်ဓာတ်ကြောင့်ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများကိုပညာပေးခြင်း။

ပြည်သူလူထုအတွင်း လူတိုင်းတွင် အငန်ဓာတ်လျှော့ကျအောင် ပြုလုပ်နည်းများ

အငန်ဓာတ်လျှော့ခြင်းဖြင့် နှလုံးသွေးကြောအန္တရာယ်ကို လျှော့ချပါ။

အငန်ဓာတ် များများစားလေလေ သွေးတိုးရောဂါပိုဖြစ်လေလေ ဖြစ်ပါသည်။ သွေးတိုးများလေလေ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါဖြစ်လေလေဖြစ်ပါသည်။ သို့သော်လည်း ထမင်းစားပွဲတွင် ဆားဖြူးခြင်းသည် အဓိကမဟုတ်ပါ။ ရာခိုင်နှုန်း ၈၀ ခန့်သော ဆိုဒီယမ်ဓာတ်ကို အသင့်ပြုလုပ်ပြီး အစားအစာ၊ ထုပ်ပိုးပြီးအစားအစာ၊ စားသောက်ဆိုင်အစားအစာတို့မှ ရရှိခြင်းကြောင့်ဖြစ်ပါသည်။

မဝယ်မီ အစားအသောက်များတွင် ကပ်ထားသော အငန်ဓာတ်ပါဝင်နှုန်းကို စစ်ကြောပါ။

သင့်ဆိုဒီယမ်ဓာတ်ကို လျှော့ချလိုလျှင် အစားအသောက်များတွင် ကပ်ထားသော အငန်ဓာတ်ပမာဏကိုစစ်ဆေးပါ။ ဆိုဒီယမ်နည်းသော အစားအစာများကို ရွေးချယ်ဝယ်ယူပါ။ တစ်ကြိမ်စားလျှင် ရာခိုင်နှုန်း၂၀ ထက် ဆိုဒီယမ်ပါဝင်သော အစားအစာများကို ရှောင်ကြဉ်ပါ။

ဆိုဒီယမ်နှင့်ဆားပါဝင်မှုအချိုးအဆ။

ဆားတစ်ဂရမ်တွင် ဆိုဒီယမ်ဓာတ် မီလီဂရမ် ၄၀၀ ပါဝင်သည်။ သို့မဟုတ် ဆိုဒီယမ် တစ်ဂရမ်သည် ဆား ၂ ဒသမ ၅ ဂရမ်နှင့် ညီမျှသည်။ လက်ရှိနေ့စဉ် ပျမ်းမျှလူတစ်ဦးချင်းအလိုက် ဆိုဒီယမ်စားသုံးမှုသည် သတ်မှတ်ထားသော လက်ဖက်ရည်ဇွန်းတစ်ဇွန်း သို့မဟုတ် မီလီဂရမ်၂၃၀၀ ထက် လွန်စွာများပြားလျက်ရှိနေပေသည်။ သို့ဖြစ်၍ လူတစ်ဦးချင်း ဆားသုံးစွဲမှုကို လက်ဖက်ရည်ဇွန်းတစ်ဝက်အထိ လျှော့ချသင့်ပါသည်။

ရှောင်ရန်၊ ဆင်ခြင်ရန်၊ ဆောင်ရန် အစားအစာများ

အချို့သောနိုင်ငံများတွင် အစားအသောက်များကို လွယ်ကူစွာမှတ်သားရန်အလို့ငှာ ကားမီးပွိုင့် အမှတ်အသား(Traffic Lights Indicator) များကို ပါထည့်သွင်းထားတတ်ပါသည်။ ၎င်းအမှတ်အသား မထည့်သွင်းထားသော် အောက်ပါ ဆားဓာတ်အညွှန်းများကို မှတ်သား၍ ခွဲခြားနိုင်ပါသည်

အနီရောင်(သင်္ကေတ) (STOP)တတ်နိုင်သမျှ ဝေးဝေးရှောင်ပါ။

(တစ်ကြိမ်စားလျှင် ဆိုဒီယမ် မီလီဂရမ် ၄၀၀ ထက်များသော အစားအစာ)

ဝက်ဆားနယ်ခြောက်၊ ချိစ့်(အငန်ဓာတ်ပါသော)အကြော်အလှော်၊ ကြက်သားဂျုံကြော်၊ ငါးပိ၊ ငံပြာရည်၊ အသင့်စားခေါက်ဆွဲ၊ သနပ်၊ ပုစွန်၊ ဆလာမီ၊ အမ်ကိုဗီဆော့၊ အငန်ပါသောအစေ့ကြော်(ဥပမာ သီဟိုဠ်စေ့၊ မြေပဲကြော်)၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ အမဲကျပ်ကင်၊ ဆိတ်သားခြောက်ကျပ်ကင်၊ ငရုတ်ဆီနှင့် အလားတူဆော့စ်များ၊ စည်သွတ်အသားဘူးများ။

အဝါရောင်(YIELD)ဆင်ဆင်ခြင်ခြင်စားသုံးပါလေ။

(တစ်ကြိမ်စားလျှင် မီလီဂရမ် ၂၀၀မှ ၄၀၀ ပါသော အစားအစာများ)

စည်သွတ်ပဲ၊ ကွတ်ကီးမုန့်၊ နံပြောင်းဖြင့်ပြုလုပ်သော အစားအစာ၊ ပေါင်မုန့်၊ ဘာဂါမုန့်၊ ကိတ်မုန့်၊ ပါစထရီမုန့် (PASTRY)၊ ဟင်းချက်သောဆော့စ်၊ စားပွဲတင်ဆော့စ်၊ အစာသွတ်ပါစတာမုန့်၊ သံဘူးပါစတာမုန့်၊ အသားပါပိုင်မုန့် (PIE)၊ ပါစတာဆော့စ်၊ ပီဇာ၊ အသင့်အစားအစာ၊ စွပ်ပြုတ်၊ အသားညှပ်ပေါင်မုန့် (Sandwich) ။

အစိမ်း(GO)များများစားပါ။

(တစ်ကြိမ်စားလျှင် ဆိုဒီယမ်ဓာတ် မီလီဂရမ် ၂၀၀ အောက်နည်းသော အစားအစာ)

အချို့သော နံပြောင်းဖြင့်ပြုလုပ်သော နံနက်စာအစားအစာ၊ ကြက်ဥ၊ လတ်ဆတ်သောငါး၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ လတ်ဆတ်သောချိစ့် (cheese)၊အသီး၊ ဟင်းသီးဟင်းရွက်(အခြောက်၊လတ်ဆတ်သော အအေးခံပြီးသော)၊ အိမ်လုပ်ပေါင်မုန့်၊ ဆော့စ်၊ ဟင်းရည်၊ ပါစတာ၊ ဆန်၊ အငန်ဓာတ်မပါသော သီဟိုဠ်စေ့၊ မြေပဲ၊ ပဲ၊ ရိုးရိုးချိစ့်၊ ရိုးရိုးပေါက်ပေါက်မုန့်၊ ဒိန်ချဉ်၊ ပဲအမျိုးမျိုး၊ အသီးအနှံအစေ့များ(seeds) ။

လိုက်နာသင့်သည့် အချက်များ။

- **စားပွဲဝိုင်းတွင် ဆားပုလင်းတင်မထားပါနှင့်။**
- **ဆားအစားလတ်ဆတ်သောဟင်းခတ်အမွှေးအကြိုင် အရွက်နှင့် အမှုန့်များကို သုံးစွဲပါ။**
- **အငန်ဓာတ်နည်းသော၊ မပါသောဆော့စ်ကို မိမိဘာသာ ပြုလုပ်၍ သုံးစွဲပါ။**

သွေးတိုးရောဂါ ကာကွယ်ပါ။

အိမ်တွင် မိမိဘာသာသွေးပေါင်မှန်မှန်ချိန်ပါ။ သို့မဟုတ် ဆေးရုံ၊ ဆေးခန်းများတွင် သွေးပေါင်မှန်မှန်ချိန်ပါ။ အကယ်၍ သွေးတိုးရောဂါဖြစ်နေပြီဆိုပါက နားလည်တတ်ကျွမ်းသော ဆရာဝန်များနှင့် ကုသပါ။ အကယ်၍ သင်သည် သွေးတိုးရောဂါဆေးဝါးကို လက်ရှိသောက်သုံးနေသူဖြစ်ပါက သွေးကျဆေးများ မှန်မှန်သောက်သုံးပါ။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံတွင် အငန်ဓာတ်စားသုံးမှုသည် နေ့စဉ်စားသုံးသော အစားအသောက်များတွင် လွန်ကဲလျက်ရှိနေပေရာ အငန်စားသုံးမှုကို လူတိုင်းသိရှိနားလည်ပြီး လျှော့ချပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သွေးတိုးရောဂါဖြစ်ပွားမှုနှုန်း များစွာကျဆင်းသွားမည်ဖြစ်ပါသည်။ ထို့ပြင် နောက်ဆက်တွဲ နှလုံးရောဂါ၊လေဖြတ်ရောဂါ၊ ကျောက်ကပ်ရောဂါများဖြစ်ပွားမှုကို မလွဲမသွေ လျော့နည်းစေမည်ဖြစ်ကြောင်း အသိပေးတိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

သွေးတိုးရောဂါ ကာကွယ်ပါ

ပဓာနပြု၊ စားသောက်မှုတွက်
ကြည့်ရှုဝေဖန်၊ စဉ်းစားဉာဏ်ဖြင့်
တန်ရုံကိုလေ၊ လွန်မသွားနှင့်
ခြောက်ပါးရသာ၊ မျှတစွာလျှင်
ချိန်ခါအလိုက်၊ ရာသီကြိုက်ကို
နှစ်ခြိုက်သေချာ၊ စားသောက်ရာ၏။
အငန်တူးတူး၊ အစားကြူးက
ခေါင်းမူးသွေးတိုး၊ အနေဆိုး၏။
အဆီဓာတ်များ၊ စားသုံးများက
နာဖျားလန့်ထိတ်၊ သွေးကြောပိတ်၏။
မလှုပ်မရှား၊ အနေများက
သွေးသားမမျှ၊ အလွန်ဝ၏။
သွေးတိုးရောဂါ၊ ဖိစီးလာမှ
ကျန်းမာစေရန်၊ ကုသခံသော်
ငွေကုန်လူပန်း၊ မရှင်လန်းမို့
မနွမ်းခင်က၊ ကြိုတင်ဆ၍
ဒုက္ခပေးရိုး၊ သည်သွေးတိုးကို
ကြိုးစားကာကွယ်ကြပါစို့။ ။

တက္ကသိုလ်ညိုညိုသန့်

အင်းစိန်မြို့နယ်တွင် ကျွန်းပင် ၁၅၀၀၀စိုက်မည်

ရန်ကုန် မေ ၁၇

သစ်တောဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၏ ၂၀၀၉ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက် ၁၀နာရီတွင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ရပ်ကွက်ဥက္ကဋ္ဌများထံ တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။ **(အောက်ပုံ)**

ယခုနှစ် မိုးရာသီတွင် အင်းစိန်မြို့နယ်ရှိ ရပ်ကွက် ၁၈ရပ်ကွက်မှ အိမ်ထောင်စု ၅၀၀၀တွင် ကျွန်းပင်ပေါင်း ၁၅၀၀၀စိုက်ပျိုးသွားမည်ဖြစ်သည်။ (သစ်တောရေးရာ)

ဆေးနှင့်ဆေးပဒေသာပင်ငွေလှူဒါန်း

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးနှင့် အဖွဲ့က မေ ၁၄ ရက်တွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ ငွေကျပ် ၅၅၀၀၀၀ တန်ဖိုးရှိ Drip Bottle & Set အစုံ ၁၀၀၀ နှင့် ဆေးပဒေသာပင် ငွေကျပ် ၃၅၀၀၀၀၊ မြောက်ဥက္ကလာ အထွေထွေရောဂါကုဆေးရုံကြီးသို့ အလှူငွေကျပ် ၁၀၀၀၀၀၀ တို့ကို သွားရောက်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူပြီး လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (အား/ကာ)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၏ နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း နယ်လှည့်ကျေးလက် ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့အား ဂုဏ်ပြုပွဲတွင် နယ်လှည့်ကျေးလက် ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့အား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့အား ဂုဏ်ပြုပွဲကို မေ ၁၃ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် နယ်လှည့်ကျေးလက် ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့များ ကိုယ်စား သုံးခွမြို့နယ် နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့(၁)အဖွဲ့ဝင်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက နယ်လှည့်ကျေးလက် ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ နယ်လှည့်ကျေးလက် ဖွံ့ဖြိုးရေးပညာပေး အဖွဲ့ဝင်များ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ရှေးဦးစွာ တပ်နယ်မှ တာဝန်ရှိသူ၊ ခရိုင် ဥက္ကဋ္ဌနှင့် ပညာရေးမှူးတို့က ခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များက ဘိုးရာဇာခန်းမအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်းမြို့ ခုတင်၁၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းတို့ကို ပေးအပ်ကာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးသာအေးထံ အလှူရှင်က အလှူငွေများကိုပေးအပ်လှူဒါန်းသည်။

မြစန္ဒာတံတား

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဟုမ္မလင်းမြို့ မြစန္ဒာ သစ်သားတံတားနှင့် ရေထိန်းနံရံတို့ကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာက တံတားတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ တံတားတည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဟုမ္မလင်းမြို့နယ် အားကစားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ လိုအပ်သည်များကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက မြစန္ဒာတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် ထောက်ပံ့ငွေများနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများကို တာဝန်ရှိသူများအား လည်းကောင်း၊ တိုင်းမှူးက ဆရာ၊ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများအားလည်းကောင်းပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် နယ်မြေခံတပ်ရင်းရှိ ရော်ဘာခြံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဟုမ္မလင်းတပ်နယ် အသေးစားရေအား လျှပ်စစ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တပ်နယ်မှ တာဝန်ရှိသူများနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်းမြို့ ကောယားကျေးရွာအုပ်စု ကြေးတိုင်ပြင်ကွင်း၌ ခြံပိုင်ရှင် ဦးဖိုးတာ၏ ရော်ဘာစိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခန္တီးခရိုင် ဥက္ကဋ္ဌက ဟုမ္မလင်းမြို့နယ်၏ ရော်ဘာစိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ခြံပိုင်ရှင်က ရော်ဘာစိုက်ပျိုးထားရှိမှုအခြေအနေနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားကာ ရော်ဘာပင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဟုမ္မလင်း-ဖောင်းပြင် ကားလမ်းရှိ ဥရုတံတားကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဥရုချောင်း ရေတိုက်စားမှုကို အမြဲကြည့်ရှုစစ်ဆေးပြီး တံတားရေရှည် ကြံ့ခိုင်အောင် အမြဲဂရုစိုက် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆေးရုံဖွင့်ပွဲ

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်စံပြကျေးရွာ ၁၆ ခုတင်ဆံ့ ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တပ်နယ်မှ တာဝန်ရှိသူ၊ခရိုင်ဥက္ကဋ္ဌနှင့် ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူးတို့က တိုက်နယ်ဆေးရုံမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက တိုက်နယ်ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် တိုက်နယ်ဆေးရုံကို လိုက်လံကြည့်ရှု စစ်ဆေးပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် နိမ့်တလုံး အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက နိမ့်တလုံး အသေးစား ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ စီမံကိန်းတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် ရွှေပြည်အေးမြို့ ၁၆ ခုတင်ဆံ့ တိုက်နယ် ဆေးရုံ တည်ဆောက်နေသည့် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စွမ်းအားဆောက်လုပ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာက ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို မှာကြားကာ ဆေးရုံတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ရွှေပြည်အေးမြို့ အခြေခံပညာအထက်တန်းကျောင်းကို လည်းကောင်း၊ စွန့်ပစ်သစ်သားလောင်စာသုံး ဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံကိုလည်းကောင်း၊ လမ်းဖြစ်ဆည်ဖြစ် ရေလှောင်တမံပြုလုပ်မည့် နေရာကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ရွှေပြည်အေးမြို့ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ တိုင်းမှူးက ရွှေပြည်အေး အခြေခံပညာအထက်တန်းကျောင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ရွှေပြည်အေးမြို့ ဒေသခံပြည်သူများအတွက် ဘိုင်အိုဘက်ထရီနှင့် ဆက်စပ်မီးချောင်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မော်တော်ယာဉ်ဖြင့် ဟုမ္မလင်း-ဖောင်းပြင်လမ်းအတိုင်း ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများအား တွေ့ဆုံ၍ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

လှိုင်သင်း၏ အင်္ဂလိပ်အသံ အမှန်ထွက်စေဖို့စာအုပ် ဒုတိယအကြိမ်ထွက်ရှိ

ရန်ကုန် မေ ၁၇

စာရေးဆရာ လှိုင်သင်း၏ အင်္ဂလိပ်အသံ အမှန်ထွက်စေဖို့စာအုပ်ကို ဒုတိယအကြိမ် အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

(အပေါ်ပုံ)

ယင်းစာအုပ်ကို ပါရမီစာပေ အမှတ်(၁၃၀) (၂၉)လမ်း ရန်ကုန်မြို့ ဖုန်း-၀၁- ၂၅၃၂၄၆ က တာဝန်ယူဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၅-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၂၅	၆။	မျိုးချစ်တပ်မတော်
၄း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၈။	ဗွီစီဒီကျော်ကြားတေး
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်ခုန်သံနေ့ရက်များဆီသို့(အပိုင်း-၄)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of the Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နှလုံးသားအလှ သစ္စာတရား (အပိုင်း-၅၄)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းသင်က ကုမ္ပဏီဥပဒေ (ဒုတိယပိုင်း)ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မေ ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သခင်မြပန်းခြံလမ်း အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်ခွင့်ရှိသူများမှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ ဖြစ်ပြီး CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန်အတွက် မေ ၂၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေး ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း - ၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ မြောက်ဦးမြို့နှင့် စစ်တွေမြို့နယ် ဝါဘိုကျေးရွာတို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ရန်ကုန် မေ ၁၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည်ယမန်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ သဘော်ဆိပ်၌ ခရီးသွားပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူရေး စီစဉ်ထားမှုနှင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်နိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် စစ်တွေမြို့နယ် ဝါဘိုကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာပြည်သူများ၏ အိမ်တွင်းလက်ရက်ကန်းရက်လုပ်နေမှုများကို အားပေးကြည့်ရှု၍ တိုင်းမှူးနှင့် ဝန်ကြီး များသည် ရက်ကန်းလုပ်ငန်း တိုးတက်လာရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်မည့်ကိစ္စများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဝါဘိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဝါဘို၊ ချောင်းနွယ်မြစ်နား၊ စပါးထားကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တိုင်းမှူးနှင့် ဝန်ကြီးများက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ကျေးရွာမီးလင်း ရေးအတွက် ဇီဝဘက်ထရီ နှင့် အဝတ်အထည်များကိုလည်းကောင်း၊ ဝန်ကြီးဦးအောင်သောင်းက ဇီဝဘက်ထရီများနှင့် ညီရောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန် ဘိလပ်မြေအိတ် ၅၀၊ စပါးထားကျေးရွာ ဘုန်းတော်ကြီးကျောင်းပြုပြင်ရန် ဘိလပ်မြေအိတ် ၁၀၀နှင့် ဝါဘိုကျေးရွာစာကြည့်တိုက်အတွက် အလှူငွေကျပ် ငါးသိန်းတို့ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျေးရွာများအတွက် ဇီဝဘက်ထရီများ၊ အဝတ်အထည် များ၊ စာကြည့်တိုက်အတွက် ဂျာနယ်၊ စာစောင်များနှင့် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရန် ဆေးနှင့် ဆေးပစ္စည်းများ၊ ဝါဘိုစာကြည့်တိုက် အတွက် အလှူငွေကျပ် ငါးသိန်းတို့ကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ဝါဘိုကျေးရွာနှင့် ကြက်ကိုင်းတန်ကျေးရွာ အမျိုးသမီးဘောလုံးအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင် ကစားနေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေမြို့နယ် ဝါဘိုကျေးရွာ၌ အိမ်တွင်း လက်ရက်ကန်းရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❀ ထန်းတောညိုညိုမှ

ယခုဖွင့်လှစ်လိုက်သော ဝက်ခုတ်တံတားမှာ မကွေးတိုင်း ရေစကြိုမြို့နယ်နှင့် စစ်ကိုင်းတိုင်း ဆားလင်းကြီး မြို့နယ်တို့ကို ပိုင်းခြားထားသည့် အရှေ့မှ အနောက်သို့ စီးဆင်းနေသော တောင်ယမားချောင်းကို သွယ်တန်းဆောက်လုပ်ထားသော တံတားဖြစ်သည်။ ပုသိမ်-မုံရွာလမ်းမကြီး၏ (ကဇွန်းမ-မုံရွာလမ်းပိုင်း) မိုင်တိုင်(၇၉/ခ)၌ တည်ရှိသည်။

အဆိုပါတံတားကို တာဝန်ခံတည်ဆောက်ခဲ့သော ပခုက္ကူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးတင်မောင်ထွေးချိုအား တွေ့ဆုံ၍ တံတားနှင့်ပတ်သက်သည်များကို မေးမြန်းကြည့်ရာ တံတားကို နှစ်နှစ် သုံးလနဲ့ ၁၄ ရက်ကြာ တည်ဆောက်ခဲ့ပါကြောင်း၊ တံတားမဆောက်ရသေးခင် ကာလများစွာက ကားကြီး၊ ကားငယ်အသွယ်သွယ်ဟာ ယမားချောင်းဆိပ်၌ နှစ်ည၊ သုံးည အိပ်စောင့်ပြီး ချောင်းရေကျမှ ချောင်းအတွင်းဖြတ်သန်း မောင်းနှင်ကြရကြောင်း၊ ချောင်းမှာလည်း ရေမပြတ်ရှိနေသည့်အတွက် သဲဗွက်ထခြင်း၊ သဲကျွံခြင်းများကြောင့် ကားများတိမ်းမှောက်ပြီး ကုန်ပစ္စည်းများ မကြာခဏ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ယခုလိုတံတားကြီး တည်ဆောက်ပြီးဖြစ်သည့်အတွက် ဆားလင်းကြီးမြို့နယ်မှ ဂျုံအပါအဝင် ပြောင်း၊ စပါး၊ ဆီထွက်သီးနှံနှင့် သစ်တောထွက်ပစ္စည်းများ၊ ရေစကြိုမြို့နယ်မှ ထန်းလျက်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများကို တစ်နေရာမှ တစ်နေရာသို့ စိတ်ချမ်းမြေ့စွာ သယ်ယူပို့ဆောင်၊ ရောင်းဝယ်ဖောက်ကားနိုင်ပြီဖြစ်လို့ ဒေသခံပြည်သူများ ကြည်နူးဝမ်းသာမှု ဖြစ်ရပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဘက်စုံကဏ္ဍစုံ အရှိန်အဟုန်ဖြင့် အားသွန်ကြိုးပမ်းတည်ဆောက်ရာတွင် ထန်းတောညိုညို ယာခင်းစိုစို ကြားက ဤဝက်ခုတ်တံတားသည်လည်း တစ်ထောင့်တစ်နေရာမှ အားမာန်ဝင့်ကြွားစွာဖြင့် တာဝန်ကျေပွန်မည့် တံတားတစ်စင်းဖြစ်လာပါကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။

ပခုက္ကူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငယ်တန်း အင်ဂျင်နီယာ (၂) ဦးတင်မောင်ထွေးချို တံတားဆောက်လုပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

မြန်မာ-ဂျပန် မျက်စိအထူးကု ဆရာဝန်ကြီးများ ပူးပေါင်း၍ မျက်စိအတွင်းတိမ် လူနာများအား အခမဲ့ခွဲစိတ်ကုသပေး

နေပြည်တော် မေ ၁၇

မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံမှ Dr. Yoshifumi Fujita ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်သည့် မျက်စိအတွင်းတိမ် လူနာများအား အခမဲ့ခွဲစိတ်ကုသခြင်းအစီအစဉ်ကို မေ ၄ ရက်နှင့် ၅ရက်တို့တွင် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုဆေးရုံကြီး၌ ဆောင်ရွက်ရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့တက်ရောက် ကြည့်ရှုအားပေးကြသည်။

မြန်မာ-ဂျပန် မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့ကို တွဲဖက်ပါမောက္ခ ဒေါက်တာရဲလွင်ဦးဆောင်၍ ဆေးရုံကြီးများမှ မျက်စိအထူးကုဆရာဝန်ကြီး ၁၂ဦး၊ မျက်ခမ်းစပ်နှင့် မျက်မမြင် ပပျောက်ရေးစီမံကိန်းမှ စီမံချက်မန်နေဂျာ ဒေါက်တာခင်ငြိမ်းလင်းနှင့်မျက်စိအထူးကုဆရာဝန် ၁၅ဦးတို့ပူးပေါင်းပါဝင်ပြီး ဂျပန်နိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးအဖွဲ့ကို Dr. Yoshifumi Fujita ဦးဆောင်၍ ဆရာဝန်ငါးဦး၊ သူနာပြုနှင့် ကျွမ်းကျင်သူ ၁၀ဦး ပါဝင်ကြသည်။

မျက်စိအတွင်းတိမ် လူနာများအား အခမဲ့ စမ်းသပ်ကုသမှုလုပ်ငန်းတွင် မန္တလေးတိုင်းအတွင်း မြို့နယ်များနှင့် ကျေးရွာများမှ မျက်စိရောဂါဝေဒနာရှင်များ၊ စစ်ကိုင်းတိုင်း မုံရွာ၊ မြင်းမူ၊ ရွှေဘို၊ ဝက်လက်၊ ကချင်ပြည်နယ် မြစ်ကြီးနား၊ ရှမ်းပြည်နယ် လားရှိုး၊ နောင်ချို၊ မကွေးတိုင်း ပခုက္ကူ၊ ပဲခူးတိုင်း တောင်ငူမြို့နယ်များမှ မျက်စိရောဂါဝေဒနာရှင်များ လာရောက်ပြသခဲ့ကြသည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုဆေးရုံကြီးသို့ မေ ၃ရက်မှ ၆ရက်အထိ လာရောက်ပြသသည့် လူနာပေါင်း၂၀၉၉ဦး၊ အတွင်းတိမ်ခွဲစိတ်လူနာ ၅၃၀၊အသေးစိတ်ခွဲစိတ်ပေးခဲ့သည့် လူနာ ၂၁၃ဦးနှင့် မျက်မှန် အခမဲ့တပ်ဆင်ပေးခဲ့သူ ၃၄၅ဦး၊ ဆေးပေးကုသသည့် ပြင်ပလူနာ ၁၃၉၇ဦးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Silk Air Travel Fair ပရိုဂရမ် စတင်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

Silk Air Travel Fair ပရိုဂရမ် စတင်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် SKY Bistro 20th Floor Sakura Tower ၌ ကျင်းပရာ Golileo Travelport Assistant General Manager Mr.Thanat Nualsuwaln နှင့် မြန်မာနိုင်ငံဆိုင်ရာ Silk Air မန်နေဂျာ Mr.Yew Latip Atwil တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး Silk Air မှ ရန်ကုန်-စင်ကာပူ အသွားအပြန် ခရီးအတွက် ၃၀ရာခိုင်နှုန်း လျှော့ဈေးဖြင့် လေယာဉ်လက်မှတ်များ စတင်ရောင်းချပေးသည်။

Golileo Travelport ၏ စီစဉ်မှုဖြင့် စင်ကာပူ လေကြောင်းလိုင်း Silk Air မှရန်ကုန်-စင်ကာပူ အသွားအပြန် ခရီးအတွက် ၃၀ရာခိုင်နှုန်း လျှော့ဈေးဖြင့် နှစ်ပေါင်း ၂၀နီးပါး အစဉ်အားပေးခဲ့သည့် မြန်မာပြည်သူများကို ကျေးဇူးတုံ့ပြန်မှုအနေဖြင့် Silk Air Travel Fair အစီအစဉ်ဖြင့် မေ ၁၆ ရက်မှ ၁၈ ရက်အထိ စင်ကာပူလေကြောင်း ခရီးလက်မှတ်ဝယ်ယူသူ ခရီးသည်များအား ကံစမ်းမဲဖောက်၍ လေယာဉ်လက်မှတ်များကို ထပ်မံချီးမြှင့်ပေးသွားမည် ဖြစ်သည်။

အဆိုပါ ခရီးစဉ်လက်မှတ်များကို SKY Bistro 20th Floor Sakura Tower, Amtra Travel 393304, 393305, Columbus Travel 229245, 255123, Htoo Travel 548554, 557890, Nice Fare Travel 393088, 245378 Saw Porn Phan Travel 373234, 224883, Sun Far Travel 243993, 255338 နှင့် Than Than Travel 255034, 255035 တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

Golileo `Travelport Assistant General Manager Mr. Thanat Nualsuwaln နှင့် မြန်မာနိုင်ငံဆိုင်ရာ Silk Air မန်နေဂျာ Mr. Yew Latip Atwil တို့က Silk Air Travel Fair ပရိုဂရမ် စတင်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၇

မေ ၅ ရက်တွင် ကျရောက်သည့် (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မဏ္ဍပ်သဘင် ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဝင်း တက်ရောက်၍ မီးသတ်တပ်ဖွဲ့နေ့ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (၅၆၀)

မီးသတ်ပြု

※ **ကျောဖုံးမှ**

ကျိုင်းတုံကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဇူလိုင်လ ၁၀ရက်တွင် ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ခဲ့ပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကျိုင်းတုံတက္ကသိုလ်အဖြစ် ယခုအဆောက်အအုံသစ်ကြီးတွင် အောင်မြင်စွာ ဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျောင်းပိတ်ရက်ဖြစ်သော်လည်း ဘာသာရပ်သင် ဆရာ၊ဆရာမများနှင့် ဝန်ထမ်းများက လာမည့်ဇွန် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည့် ပညာသင်နှစ်အတွက် အလုပ်များနေကြောင်း တွေ့ရသည်။

ပါမောက္ခချုပ် ဒေါက်တာကိုကိုမြင့်ကပင် ဆရာ၊ဆရာမများနှင့် မိတ်ဆက်ပေးရင်း "ကျိုင်းတုံတက္ကသိုလ်မှာ လက်ရှိ ကျောင်းသားများအနေနဲ့ ပထမနှစ်ကအစ မဟာတန်းအထိ ပညာသင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူ ၅၀၁ ဦးရှိပါတယ်။ အဝေးသင်ကျောင်းသား၊ ကျောင်းသူအနေနဲ့ ၅၄၈ ဦးရှိပြီး သင်ကြားရေးပိုင်းအနေနဲ့ ပါရဂူဘွဲ့ရ ဆရာ၊ ဆရာမ ၅၀ နဲ့ သင်တန်းတက်ဆဲ ဆရာမရှစ်ဦးတို့က ပညာသင်ကြားပေးနေပါတယ်" ဟု ဦးစွာရှင်းပြသည်။

ထို့အပြင် ကျိုင်းတုံတက္ကသိုလ်ကြီးမှာ နယ်စပ်ဒေသ အစွန်အဖျားပင် ဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်လှသော စေတနာကြောင့် အခြား ပြည်နယ်နှင့်တိုင်းများနှင့် တန်းတူ အဆင့်မြင့်ပညာများ သင်ကြားခွင့်ရနေကြောင်းကို "၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှာ နေ့သင်တန်းအနေနဲ့ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသား၊ ကျောင်းသူများအပြင် ပထမနှစ်နှင့် ဒုတိယနှစ် ဂုဏ်ထူးတန်း၊ မဟာ အရည်အချင်းစစ် သင်တန်းနဲ့ မဟာတန်းပထမနှစ်တို့ကို သင်ကြားပေးနေပါတယ်"ဟု ပါမောက္ခချုပ်ကပင် ဆက်လက်ရှင်းပြခဲ့သည်။

ထို့နောက် ရူပဗေဒဌာနသို့ ဝင်ခဲ့ပြန်ရာ ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်ခင်ဝင်းက "ကျွန်မတို့အနေနဲ့ ဒီကလေးတွေကို တကယ်ပဲ တတ်ချင်၊ တော်စေချင်ပါတယ်။ သူတို့လေးတွေက ရိုးသားတယ်၊ ကြိုးစားတယ်၊ ဆရာ၊ ဆရာမများအပေါ်လည်း ရိုသေကိုင်းရှိုင်းကြတယ်။ ဒါကြောင့် ဒီကလေးတွေ အခက်အခဲရှိရင် ပညာရေးပါမက လူမှုရေးပါ တတ်နိုင်သလောက် ဆရာများက ဝိုင်းဝန်းထောက်ပံ့ အကူအညီပေးကြနဲ့မို့ မိဘနဲ့သားသမီးသဖွယ် ဖြစ်နေကြပါပြီ" ဟု ပြောကြားသည်ကို ကြားလိုက်ရသည်မှာ "ဩော်-တစ်နယ်တစ်ကျေးအဝေးက လာရောက်ပြီး သင်ကြားပေးနေကြရသော်လည်းတကယ့် စိတ်ရင်းစေတနာရင်းနဲ့ ဖြူစင်ကြတဲ့ ဆရာ၊ ဆရာမကြီးများပါလား" ဟု လေးစားမိတော့သည်။

"နောက်ပြီး ဒီက ကလေးတချို့ဆိုရင် ဒီကျောင်းမှာပဲ ပညာကို ဆုံးခန်းတိုင် အောင်သင်ယူပြီး ဒီကျောင်းမှာပဲ ဆရာမပြန်လုပ်ရင်းနဲ့ ဒီဒေသရဲ့ အကျိုးကို ပြန်ထမ်းဆောင်ချင်ကြတဲ့သူတွေ ရှိလာကြပါပြီ။ ဒါကြောင့် ကြေးမုံသတင်းအဖွဲ့လာမယ်ဆိုလို့ အဲဒီကလေး တစ်ယောက်ကိုတောင် ဆရာတို့နဲ့တွေ့ဖို့ ခေါ်ထားပါတယ်"ဟု ဖြည့်စွက်ပြောသည်။

"အခြား ပြည်နယ်နှင့်တိုင်းများတန်းတူ အဆင့်မြင့် ပညာများ သင်ကြားခွင့်ရနေ။" ဒေါက်တာကိုကိုမြင့် ပါမောက္ခချုပ်(ကျိုင်းတုံတက္ကသိုလ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ လူငယ်များ ပညာသင်ကြားရေးကို ပိုမိုစိတ်ဝင်စားလာကြ။

မအေးအေးခိုင် ပထမနှစ် (မဟာသိပ္ပံ) ကျိုင်းတုံတက္ကသိုလ်

သူမ အမည်က မအေးအေးခိုင်၊ ပထမနှစ် မဟာသိပ္ပံစာမေးပွဲကို ဖြေဆိုထားသူလေးတစ်ဦး ဖြစ်သည်။ ပညာကို ခက်ခက်ခဲခဲဆည်းပူးလေ့လာ၍ ဘဝတက်လမ်းကို မှန်ကန်ဖြောင့်မတ်စွာ ရှာဖွေနေသူလည်း ဖြစ်သည်။ သူမအား တွေ့ဆုံမေးမြန်းကြည့်ရာတွင် "သမီးရဲ့အမည်က မအေးအေးခိုင်ပါ၊ အသက်(၂၃)နှစ်ရှိပါပြီ၊ အခါတိုင်းရင်းသူဖြစ်ပါတယ်။ မောင်နှမလေးဦးအနက် အကြီးဆုံး ဖြစ်ပါတယ်။ ကျိုင်းတုံတက္ကသိုလ်မှာ ပထမနှစ် မဟာသိပ္ပံတန်းကို ဖြေဆိုထားပြီးဖြစ်ပါတယ်" ဟု အသံဝဲဝဲလေးနှင့် ပြောပြနေသည်ကို နားထောင်ရသည်။

သူမအကြောင်းကို ဆက်ပြောပြရာတွင် "ပညာကို လိုချင်သည့်အတွက် အခက်အခဲအမျိုးမျိုးကြားမှ အောင်မြင်စွာသင်ယူခဲ့ပါတယ်၊ ယခု တက္ကသိုလ်တွင်လည်း ပါမောက္ခ ဆရာကြီးမှအစ ဆရာ၊ဆရာမများက လိုလေသေးမရှိရအောင် ဝိုင်းဝန်းပံ့ပိုးကြသည့်အတွက် ပထမနှစ်မဟာသိပ္ပံတန်းကို အခက်အခဲမရှိ အားရကျေနပ်စွာ ဖြေဆိုနိုင်ခဲ့ကြောင်း၊ အောင်လိမ့်မည်ဟုလည်း မျှော်လင့်ထားပါတယ်၊ လာမည့် ဇွန်လဆန်းတွင်ဖွင့်မည့် ဒုတိယနှစ် မဟာသိပ္ပံတန်းကိုလည်း တက်ဖို့ အဆင်သင့်ပြင်ထားပါတယ်၊ ယခုလည်း တက္ကသိုလ်တွင် ဆရာကြီး၊ ဆရာမကြီးတို့၏ ဩဝါဒကိုခံယူ၍ သင်ကြားရေးပိုင်းတွင် မောင်ငယ်၊ ညီမငယ်များအား ဝိုင်းဝန်း ကူညီသင်ကြားပေးလျက်ရှိပါတယ်"ဟု မမောတမ်းရှင်းပြခဲ့သည်။

သူမ၏ရည်မှန်းချက်ကို ထပ်မံမေးကြည့်ရာ"နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအပေါ် ပြည်နယ်၊ ပြည်မ မခွဲခြား၊ နယ်မကွာ၊ မိဘမကွာ ပညာသင်ကြားရေးအတွက် ယခုကဲ့သို့ တက္ကသိုလ်ကြီးများ၊ ကောလိပ်များအပြင် အခြားကျောင်းများတည်ဆောက်ပေးလာသည့်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က လူငယ်များ အဆင့်မြင့်ပညာ သင်ကြားရေးကို ယခင်ထက် ပိုမို စိတ်ဝင်စားလာကြ၍ တစ်နှစ်ထက်တစ်နှစ်ပညာသင်ကြားသူဦးရေ တိုးလာပါတယ် ၊ ဒါကြောင့် ဆရာ၊ဆရာမကြီးများ စေတနာနှင့် နိုင်ငံတော်၏ ကျေးဇူးများကို ပြန်လည်ပေးဆပ်လိုပါတယ်။ တိုင်းရင်းသူဖြစ်တဲ့အတွက် မိမိဒေသ၊ မိမိတက္ကသိုလ်ကြီးမှာပင် ဆရာမ

"ဒီက ကလေးတချို့ဆိုရင် ဒီကျောင်းမှာပဲ ပညာကို ဆုံးခန်းတိုင်အောင်သင်ယူပြီး ဒီကျောင်းမှာပဲ ဆရာမပြန်လုပ်ရင်းနဲ့ ဒီဒေသရဲ့ အကျိုးကို ပြန်ထမ်းဆောင်ချင်ကြတဲ့ သူတွေရှိလာကြပါပြီ။

ဒေါက်တာခင်ခင်ဝင်း

ပါမောက္ခ(ဌာနမှူး)၊ ရူပဗေဒဌာန

တစ်ဦးအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်သွားလိုပါတယ်" ဟု သူမ၏ ရင်တွင်းစကားကို ထုတ်ဖော်ရှင်းပြလာသည်ကို ကြားရသည်မှာ နိုင်ငံတော်အတွက်၊ ဒေသဖွံ့ဖြိုးမှုအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် အသီးအပွင့်ကောင်းလေး တစ်ပွင့်ကို ဤတက္ကသိုလ်ကြီးမှ စိုက်ပျိုး၍ ဖူးပွင့်စေခဲ့ပြီဟု ယုံကြည်မိတော့သည်။

ယနေ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍသည် အရေးပါလှပေသည်။ အသိပညာ၊ အတတ်ပညာ မြင့်မားသည်နှင့်အမျှ ဒေသနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်မှုတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြမည်ဖြစ်ရာတော တောင် ရေမြေ ခြားသော်လည်းသင်ကြားမှု မခြားသည့်အတွက် မအေးအေးခိုင်ကဲ့သို့သော ရိုးသားကြိုးစားသည့်လူငယ်များကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ကျိုင်းတုံတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့်တကွ ဆရာကြီး၊ ဆရာမကြီးတို့အား လေးစားစွာဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသ၏ ပညာရေး စွမ်းဆောင်မှုကောင်းများအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ကျိုင်းတုံတက္ကသိုလ် တိုးချဲ့နှစ်ထပ် ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

○ **ကမ္ဘာ့အကြီးဆုံးမှ**

အမေရိကန်-ရုရှား ပူးတွဲသုတေသနအဖွဲ့၏ လေ့လာချက်၌ ဖော်ပြသည်။

ဘေကား ရေအိုင်ကြီးဒေသ၏ ရာသီဥတုသည် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း သိသိသာသာ ပြောင်းလဲခဲ့ကြောင်း၊ ယင်းဒေသ၌ မိုးနှင့်ဆီးနှင်းများ ကျဆင်းမှုမှာ ပုံမှန်အနေအထားမှ ပြောင်းလဲလာနေကြောင်း သုတေသန လေ့လာချက်တွင် ဖော်ပြသည်။

ဘေကားရေအိုင်ကြီး၏ ရေထုမှာ နှစ်စဉ် အေးခဲသွားလေ့ရှိကြောင်း၊ ရေအိုင်ကြီး မျက်နှာပြင်ကိုဖုံးလွှမ်းနေသည့် ရေခဲထုမှာ တစ်စစယုတ်လျော့ကျလာနေကြောင်း၊ ဤသို့ဖြင့် ယင်းရေအိုင်ကြီး၏ စားနပ်ရိက္ခာထုတ်လုပ်မှုလုပ်ငန်းစဉ်မှာထိခိုက်လာနိုင်ကြောင်းသိရသည်။

ဘေကား ရေအိုင်ကြီး၏ မျက်နှာပြင်တွင် ရေခဲဖုံးလွှမ်းမှုကာလမှာ ပိုမိုတိုတောင်းလာခြင်းကြောင့် အဆိုပါရေအိုင်ကြီးကို အမှီပြုကာ ကျက်စားနေထိုင်သော သတ္တဝါတို့၏ သဘာဝဂေဟများ ပျက်စီးလာနိုင်ကြောင်း သုသေတနအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ရှ် ဝက်စ်လေကောလိပ်မှ သုတေသီ မာရီယန်မိုးက ပြောကြားသည်။

ဘေကားရေအိုင်ကြီးတွင် ကျက်စားနေသောဖျံများသည် ရေခဲပြင်ပေါ်၌ မိတ်လိုက်ခြင်းနှင့် သားဖောက်ခြင်းတို့ ပြုလုပ်လေ့ ရှိကြောင်း၊ ရေခဲပြင်ဖွဲ့စည်းမှုကာလ လျော့နည်းသွားခြင်းဖြင့် ဖျံသတ္တဝါများ၏ မျိုးပွားနိုင်မှု စွမ်းပကားကျဆင်းနိုင်ကြောင်း၊ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ဘေကားရေအိုင်ကြီး၏ ထူးခြားသော ဇီဝမျိုးများ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများ ပြင်ဦးလွင်၌လေ့ကျင့်

ရန်ကုန် မေ ၁၇

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၉ရက်မှ ၁၈ရက်အထိ လာအိုနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်ရန်ရွေးချယ်ထားသော အားကစားအဖွဲ့အား ဦးကျော်ဦး(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန)ခေါင်းဆောင်ကာ အုပ်ချုပ်မှုအဖွဲ့ဝင် ခြောက်ဦး၊ အမျိုးသားအားကစားသမား ၁၀ဦး၊ အမျိုးသမီး အားကစားသမား ရှစ်ဦး စုစုပေါင်း ၂၄ဦးပါဝင်သော မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့သည် မေ ၄ ရက်မှ ၁၇ရက်အထိ ပြင်ဦးလွင်မြို့အားကစားကွင်း၌ စခန်းဝင်လေ့ကျင့်ခဲ့သည်။ (အောက်ပုံ)

လာရောက်လေ့ကျင့်သောအားကစားသမားများထဲတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် ယခုနှစ်အတွင်း ရွေးချယ်ထားသော လက်ရည်တိုးတက်ကောင်းမွန်လာသည့် သွေးသစ်အားကစားသမားများဟူ၍ (၂)မျိုး ပါဝင်သည်။ မြားပစ်အားကစားနည်းတွင် Compound နှင့် Recurve ဟူ၍ ၂မျိုးရှိသည်။ Compound အားကစားနည်းတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်ကြသော ရဲမင်းထွေးသည် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ(၁၂)၊ ငွေ(၈)၊ ကြေး(၁၀)၊ မအောင်ငိုမ်းသည် ၂၀၀၈ခုနှစ်၏ တစ်နှစ်တာ အကောင်းဆုံးအားကစားသမားဆုကို ရရှိခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ(၄)၊ ငွေ(၈)၊ ကြေး (၆)ခုနှင့် ယခုနှစ်အတွင်း ရွေးချယ်ထားသော သွေးသစ် အားကစားသမားများ ဖြစ်ကြသည့် ပိုင်ပြည့်ဖြိုး၊ ပိုင်မြတ်သူ၊ ကျော်လွင်မိုး၊ လှလှစံ၊ တင်လှဝင်း၊ ခင်လေးနုတို့ လိုက်ပါလေ့ကျင့်လျက်ရှိသည်ကိုတွေ့ရသည်။

Recurve အားကစားနည်းတွင် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ ရွှေတံဆိပ်ဆုရရှိခဲ့သော ဇော်ဝင်းထိုက်သည် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ(၄)၊ ငွေ(၆)၊ ကြေး(၇)၊ ၂၀၀၈ ခုနှစ် ဘေဂျင်းအိုလံပစ် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နေမျိုးအောင်သည် နိုင်ငံတကာပြိုင်ပွဲများတွင် ငွေ(၂)ခုနှင့် စီနီယာ အားကစားသမားများ ဖြစ်သော ရန်အောင်စိုးမှာ ငွေ(၄)၊ ကြေး(၁)နှင့် စန်းယုထွေး ငွေ(၂)၊ ကြေး (၄)ခုနှင့် ယခုနှစ်တွင် ရွေးချယ်ထားသော သွေးသစ် အားကစားသမားများဖြစ်ကြသည့် အောင်မျိုးသူ၊ အောင်ကြီး၊ မောင်အေး၊ ဟေမာနှင်း၊ သန်းသန်းထွေး၊ လိုင်းနိုင်းတို့ လိုက်ပါလေ့ကျင့်ကြသည်။(ကြေးမုံ)

မီးသုံးစွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

❒ **ကျောဖုံးမှ**

လွှာကို အသုံးပြု၍ သက်တမ်းဆက်စပ် ကြွက်သားများ ပျက်စီးခြင်းကိုပါ အကဲဖြတ်လေ့လာခဲ့သည်။

အဆိုပါလေ့လာချက်အရ တစ်ပတ်လျှင်တစ်ကြိမ် ငါးစားသုံးသောသူသည် သက်တမ်းဆက်စပ် ကြွက်သားများ စောစီးစွာပျက်စီးခြင်းကို ၃၁ ရာခိုင်နှုန်း လျော့နည်းကျဆင်းစေကြောင်းခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အဆီအက်စစ်တစ်မျိုးဖြစ်သည့် လင်နိုလစ်အက်စစ်အဓိကအားဖြင့် ဟင်းသီးဟင်းရွက်အဆီများတွင်တွေ့ရသည့် အိုမီဂါ-၆ အဆီအက်စစ်ကိုအနည်းငယ်စားသုံးသူများသည် ကြွက်သားများသန်စွမ်းကြကြောင်း တွေ့ရသည်ဟုဆိုသည်။

တစ်ပတ်လျှင် အခွံမာသီးတစ်ကြိမ်မှ နှစ်ကြိမ်အထိ စားသုံးသူတို့သည် သက်တမ်းဆက်စပ် မျက်စိအာရုံခံလွှာ၊ မြင်လွှာ ကြွက်သားများ စောစီးစွာပျက်စီးခြင်းကို ၃၅ ရာခိုင်နှုန်းလျော့နည်းကျဆင်းစေသည်ကိုလည်း သုတေသီများက တွေ့ရှိခဲ့ကြသည်။

သုတေသီများ၏အဆိုအရ မျက်စိအာရုံခံလွှာတွင် အောက်ဆီဂျင်နှင့်ဆက်စပ်သည့် ဆဲလ်များပျက်စီးခြင်း၊ သွေးကြောများဖွဲ့စည်းခြင်း၊ သွေးလွှတ်ကြောများတွင် ပိတ်ဆို့ခြင်းနှင့် ရောင်ရမ်းခြင်းတို့ကို အဆီအက်စစ်အမျိုးမျိုးက ကာကွယ်ပေးနိုင်ကြောင်း၊ မိမိတို့စားသုံးသော အစာအာဟာရတွင် အခွံမာသီးများ (သို့) ငါးများကို ပုံမှန်စားသုံးခြင်းနှင့် အိုမီဂါ-၃ အဆီအက်စစ်များကို တိုး၍စားသုံးခြင်းသည် မျက်စိအာရုံခံလွှာကြွက်သားများ စောစီးစွာပျက်စီးခြင်းကို ကာကွယ်ပေးနိုင်ကြောင်း သုတေသီတို့က အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ (ကြေးမုံ)

ကျေးရွာပိုင်သစ်တောစိုက်ခင်း တည်ထောင်ရန် တာဝန်ပေးအပ်

ပြည် မေ ၁၅

သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ်သစ်တောဦးစီးဌာနက ၂၀၀၉ ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင်၂၀၊ တစ်ရွာလျှင် ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ဧက တည်ထောင်စိုက်ပျိုးသွားရန် ပညာပေးဟောပြောပွဲနှင့် တာဝန်ပေးအပ်ပွဲကို မေ၁၅ရက် နံနက်၉ နာရီက ပြည်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ပုလဲသီတာခန်းမ၌ ကျင်းပရာ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမောင်ညွန့်က ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက တက်ရောက်လာသော ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများအား လုပ်ငန်းတာဝန်ပေးအပ်လွှာများကို ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။

(တိုင်း မြန်/ဆက်)

18-5)09.pmd 1 5/18/2009, 2:38 AM

အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုအားပေး

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ၂၀၀၉ခုနှစ် ပထမအကြိမ် ပြည်နယ်နှင့်တိုင်း အမျိုးသမီး အသက် ၁၅နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် အနိုင်ရရှိသွားသည့် ရန်ကုန်တိုင်း အမျိုးသမီး ဘောလုံးအသင်းအား တံခွန်စိုက် ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် မေ ၁၅ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် ပထမအကြိမ် ပြည်နယ်နှင့် တိုင်းအမျိုးသမီး အသက် ၁၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ချီးမြှင့်သည်။

အနိုင်ရရှိ

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းက မန္တလေးတိုင်းအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ပိုင်နှင့် ထွန်းထွန်းဝင်းတို့၏ဂိုးများဖြင့် ရတနာပုံ F.C နိုင်ပွဲရ

ရန်ကုန် မေ ၁၇

MNL Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲဒုတိယပွဲစဉ်အဖြစ် မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံ F.C နှင့် မွန်၊ တနင်္သာရီနှင့် ကရင်ပြည်နယ် ကိုယ်စားပြု Southern Myanmar F.C တို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံ F.C က နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ရတနာပုံ F.c - နှစ်ဂိုး (ရန်ပိုင်နှင့် ထွန်းထွန်းဝင်း)
Southern Myanmar F.C - ဂိုးမရှိ
အကောင်းဆုံးဆု - Gnonsian (ရတနာပုံF.C)
ဒိုင်လူကြီး - ဦးဝင်းထွဋ်

မန္တလေးတိုင်း ကိုယ်စားပြု ရတနာပုံ F.C မှာ တိုက်စစ်မှူး ရန်ပိုင်နှင့် ထွန်းထွန်းဝင်းတို့၏ သွင်းဂိုးများဖြင့် ပွဲဦးထွက် သုံးမှတ်စတင်ရရှိသွားသည်။ ပြိုင်ပွဲအကြို ပြင်ဆင်ဆဲကာလကတည်းက မြန်မာ့လက်ရွေးစင်ကစားသမားများအပါအဝင် ပြည်ပကစားသမား ငါးဦးကို ခေါ်ယူထားပြီး ပြင်ဆင်မှုအားကောင်းခဲ့သည့် ရတနာပုံ F.C မှာ နိုင်ပွဲရရှိအောင် စတင်စွမ်းဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းများတွင် ထူးထူးခြားခြား ပြည်နယ် နှစ်ခုနှင့် တိုင်း တစ်ခုကို ကိုယ်စားပြုထားသည့် Southern Myanmar F.C မှာ လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားသောကြောင့် ရတနာပုံ F.C ကို သမ္မာရောပညာအရပါ မယှဉ်နိုင်ခဲ့ဘဲ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ရတနာပုံ F.C နှင့် Southern Myanmar F.C အသင်းများ၏ ပရိသတ်များမှာ ကိုယ့်အသင်းကို တစ်ခဲနက် အားပေးခဲ့သောကြောင့် ပွဲမှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိခဲ့သည်။ Southern Myanmar F.C မှာ ပွဲအစပိုင်းတွင် ရတနာပုံ F.C ကိုခြေရည်တူ လိုက်ကစားနိုင်ခဲ့သော်လည်း အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ ဘာဘို(အိုင်ဗရီကို့စ်)နှင့် ပိုင်စိုးတို့၏ ကွင်းလယ်ပိုင်းကို မယှဉ်နိုင်ခဲ့၍ ခံစစ်အသွင်ဖြင့်သာ ကစားခဲ့ရသည်။ ရတနာပုံ F.C အတွက် ဖွေဆော်ဦးဂိုးကို ၂၈ မိနစ်တွင် တိုက်စစ်မှူးရန်ပိုင်က ခေါင်းတိုက်သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရတနာပုံ F.C ကသာ ဖိကစားနိုင်ခဲ့ပြီး Southern Myanmar မှာ ဂိုးရနိုင်သည့်အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့သော်လည်း အသုံးချနိုင်ခြင်းမရှိပေ။ ရတနာပုံ F.C မှာ ရန်ပိုင်၊ ထွန်းထွန်းဝင်း၊ ဘာဘို(အိုင်ဗရီကို့စ်)တို့၏တိုးအားဖြင့် အဓိကတိုက်စစ်ဆင်ခဲ့ပြီး ကွင်းလယ်မှ အောင်ကျော်မိုးကလည်း ခြေစွမ်းပြနိုင်ခဲ့၍ Southern Myanmar F.C ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ရတနာပုံ F.C အတွက် ဒုတိယအနိုင်ဂိုးကို ၇၇ မိနစ်တွင် ထွန်းထွန်းဝင်းက သွင်းယူပေးခဲ့သည်။

ပွဲအပြီးတွင် အကောင်းဆုံးဆုရ Gnonsian (ရတနာပုံF.C)ကို IBTC မှ ဦးစိုးတင့်သိန်းက Grand Royal မှ ချီးမြှင့်သည့် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ အနိုင်ရရှိသွားသော ရတနာပုံ F.C အား ကမ္ဘောဇဘဏ်လီမိတက်မှ အကြီးတန်းအထွေထွေမန်နေဂျာ ဦးသန်းစိုးက ငွေကျပ် ၁၀ သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပွဲအပြီးတွင် Southern Myanmar F.C နည်းပြချုပ် ဦးကျော်တင့်က မိမိတို့အသင်းမှာ လူငယ်များဖြင့်ဖွဲ့စည်းထား၍ အတွေ့အကြုံ၊ ပညာ၊ သမ္မာများကွာခြားခဲ့၍ အရေးနိမ့်ခဲ့ရခြင်း ဖြစ်ကြောင်း၊ သို့သော်ကစားသမားများ၏ ကြိုးစားအားထုတ်မှုကို ကျေနပ်ပါကြောင်း၊ ဂိုးသမားမှာ ယနေ့ပွဲတွင် လက်စွမ်းပြကစားနိုင်ခဲ့သော်လည်း ဆုံးဖြတ်ချက်အချို့ မှားယွင်းခဲ့၍ ဂိုးများပေးခဲ့ရခြင်း ဖြစ်ကြောင်း၊ ရတနာပုံ F.C မှာ အတွေ့အကြုံရှိကစားသမားများ၊ ပြည်ပကစားသမားများ ပါဝင်နေ၍ အကောင်းဆုံးကစားသွားနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ရတနာပုံ F.C နည်းပြချုပ် မစ္စတာရိုဟန်က ယခုပွဲအနိုင်ရခဲ့၍ အရမ်းပျော်ကြောင်း၊ လိုချင်သည့်အနိုင်ရလဒ်ကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ သို့သော်အသင်းကစားပုံမှာ အကောင်းဆုံးမဖြစ်သေးကြောင်း၊ တစ်ဖက်အသင်းမှာ လူငယ်များဖြင့် ဖွဲ့စည်းထားသောကြောင့် ပိုမိုအားထုတ်ကစားခဲ့ရကြောင်း၊ ယနေ့ပွဲတွင် ကွင်းလယ်ကစားသမား အောင်ကျော်မိုးမှာ အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အကောင်းဆုံးဆုရ Gnonsian (ရတနာပုံF.C)

ရတနာပုံ F.C တိုက်စစ်မှူးများဖြစ်သည့် တိုရေးနှင့်ရန်ပိုင်တို့ Southern Myanmar နောက်ခံလူများကြားမှ ထိုးဖောက်ဂိုးသွင်းနေစဉ်။

၁၉-၅-၂၀၀၉
(အောင်ဆန်းကွင်း)
Delta United F.C - မကွေး F.C

သတင်းနှင့် ဓာတ်ပုံ စိုးညွန့် (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၅-၂၀၀၉ (တနင်္လာနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ "စိတ္တဝိသုဒ္ဓိ"တရားတော်
(သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ရှင်သန်လာသောနှလုံးသား"(အပိုင်း-၄)
၈:၃၀ Make in a delicious way (ရှုပတ်အစားအစာပြုလုပ်နည်း)
၈:၄၅ ရန်ကုန်မြင်ကွင်းကျယ်(IT Services discussion of
Micropescock IT Co.,Ltd.၏ မိတ်ဆက်ပွဲအခမ်းအနား)
၉:၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ခေါင်းစည်းပြုလုပ်နည်း)
၉:၁၅ လှပသစ်ဆန်းအလှပြင်ခန်း (La Coiffer Hair & Beauty Saloon)
၉:၃၀ စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၉:၅၀ စွမ်းရည်မြင့်မားလယ်ယာ(၁၆)လက်တွန်းထွန်စက်တာယာများ
၁၀:၂၀ ကြည်ညိုဖူးမြော်စမတောင်တော်
၁၀:၃၀ International Showbiz
၁၀:၅၀ ရေကူးအားကစားမှသည် ကျန်းမာခြင်းဆီသို့
၁၁:၀၀ စွဲမက်ဖွယ်ရာရတနာ (ပုလဲကျက်သရေအလှဝေ)(အပိုင်း-၁)
၁၁:၃၀ ကျန်းမာပျော်ရွှင်လှစေချင်
၁၁:၄၅ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၁၂:၀၀ သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)
၁၂:၂၀ တေးဂီတအစီအစဉ်
၁၂:၃၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ(မောဟဘုံရိုက်ကွင်းအမှတ်တရ)
၁:၀၀ "စိတ္တဝိသုဒ္ဓိ"တရားတော်
(သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ ဒို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၃:၀၀ ကြည်ညိုဖူးမြော်ပုပ္ပါးတောင်ကလပ်စေတီတော်
၃:၁၅ စပါးသုတေသနပြုလုပ်နေမှုများ
၃:၅၀ ရေကူးအားကစားမှသည် ကျန်းမာခြင်းဆီသို့
၄:၀၀ ကြည်ညိုဖူးမြော်စမတောင်တော်
၄:၁၅ မြန်မာစာ၊ မြန်မာစကား
၄:၃၀ အနုပညာမိုးကောင်းကင်
၅:၀၀ ရန်ကုန်မြင်ကွင်းကျယ်(IT Services discussion of
Micropescock IT Co.,Ltd.၏ မိတ်ဆက်ပွဲအခမ်းအနား)
၅:၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ခေါင်းစည်းပြုလုပ်နည်း)
၅:၃၀ Sports World
၆:၀၀ MRTV-4 သတင်း
၆:၁၅ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၆:၃၀ သီချင်းကောင်းကောင်း
သီချင်းကောင်း
၇:၀၀ လူတိုင်းအတွက်ရှေးဦးသူနာပြု
(ရေနစ်သူကိုအသက်ကယ်ဆယ်နည်းများ)
၇:၁၅ International Showbiz
၇:၃၅ Worlds of Knowledges (Supa Strikas) (Part-2)
၈:၀၀ MRTV-4 သတင်း
၈:၁၅ တေးဂီတအစီအစဉ်
၈:၃၅ အနုပညာမိုးကောင်းကင်
၉:၀၀ Sports World
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ရှင်သန်လာသောနှလုံးသား"(အပိုင်း-၄)
၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅ Regional Handicrafts
၁၂:၃၀ မှတ်သားလေ့လာပြတိုက်ခင်းကျင်းမှုပညာ
၁၂:၄၅ လှပသစ်ဆန်းအလှပြင်ခန်း(La Coiffer Hiar & Beauty Saloon)
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League(37)ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Portsmouth - Sunderland	ESPN (Live)

A/H1N1တုပ်ကွေးရောဂါ ဧပြီ ၁၇ရက်မှ ယနေ့အထိ ၃၉နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ မြန်မာနိုင်ငံတွင် ယနေ့အထိ A/H1N1တုပ်ကွေးရောဂါ မွေးမြူရေးဝက်သို့ ကူးစက်မှုမရှိသေး

နေပြည်တော် မေ ၁၇

လူတွင်ဖြစ်ပွားသော A/H1N1တုပ်ကွေးရောဂါသည် ဧပြီ ၁၇ရက်မှ ယနေ့အထိ နိုင်ငံပေါင်း ၃၉နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး အတည်ပြုတုပ်ကွေးရောဂါဖြစ်ပွားသူ ၈၄၈၀နှင့် သေဆုံးသူ ၇၂ဦးရှိကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသအတွင်း တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ သြစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယနှင့် မလေးရှား ရှစ်နိုင်ငံတို့၌ အတည်ပြုရောဂါဖြစ်ပွားသူ ၃၀ပါဝင်ကြောင်း သိရှိရသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အာရှပစိဖိတ်ဒေသ နယ်စပ်ဖြတ်ကျော်ရောဂါများ အရေးပေါ်ထိန်းချုပ်ရေး ဒေသဆိုင်ရာညှိနှိုင်းရေးမှူး Dr. Wantanee Kalpravidhနှင့် ဓာတ်ခွဲခန်းဆိုင်ရာ အကြီးတန်းကျွမ်းကျင်ပညာရှင် Dr.Sudarat Damrongwatanapokin တို့သည် မေ ၁၃ရက်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရန်ကုန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၌ သမားရိုးကျဝက်ရောဂါများ၊ ဆန်းသစ်လာသည့် ဝက်ရောဂါများနှင့် စပ်လျဉ်းသည့် ရောဂါစုံစမ်းထောက်လှမ်းခြင်း၊ ရောဂါနမူနာပစ္စည်းရယူခြင်း၊ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာနှင့် နည်းစဉ်များ စွမ်းရည်မြှင့်တင်ခြင်း၊ ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖြည့်ဆည်းပံ့ပိုးခြင်း လုပ်ငန်းရပ်များကို ပေါင်းစပ်ညှိနှိုင်းခဲ့ကြသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Murray Maclean၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ပညာရှင်များသည် မေ ၁၄ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်/တိုင်းဦးစီးမှူးများနှင့်တွေ့ဆုံ၍ ဝက်ရောဂါဆိုင်ရာ သတင်းအချက်အလက်များ၊ ကြိုတင်ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ နယ်မြေဒေသအလိုက် ရောဂါဝင်ရောက်ပျံ့နှံ့နိုင်မှုဘေးအန္တရာယ် အကဲဖြတ်ခြင်းနှင့် ဈေးကွက်ကွင်းဆက်လေ့လာခြင်း(Area risk assessment and market chain study) လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးသည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ လူတွင်ဖြစ်ပွားသော A/H1N1 တုပ်ကွေးရောဂါသည် မွေးမြူရေးဝက်သို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း၊ ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများကို အပူချိန် ၇၀ဒီဂရီစင်တီဂရိတ်/ ၁၆၀ဒီဂရီဖာရင်ဟိုက်ဖြင့် ချက်ပြုတ်ပါက ဗိုင်းရပ်စ်ရှင်သန်မှု မရှိနိုင်ကြောင်း၊ စနစ်တကျသန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါကူးစက်နိုင်မှုမရှိကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တုပ်ကွေးရောဂါ A/H1N1 မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ နေ့စဉ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ဆေးနှင့် ဆေးပစ္စည်း၊ ဓာတ်ခွဲပစ္စည်းများ၊ လူနာသီးသန့်ဆောင်များ အသင့်ပြင်ဆင်ထား

နေပြည်တော် မေ ၁၇

တုပ်ကွေးရောဂါ A/H1N1သည် ဧပြီ ၁၇ ရက်မှ စတင်၍ ဖြစ်ပွားခဲ့ရာ ယနေ့အထိ ကမ္ဘာပေါ်တွင် အတည်ပြု တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၈၄၈၀ရှိပြီး သေဆုံးသူ စုစုပေါင်း ၇၂ဦး ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၁၇ရက်တွင် ထုတ်ပြန်ထားသော သတင်းများအရ သိရှိရပြီး မက္ကဆီကိုနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၉နိုင်ငံ၌ ရောဂါကူးစက်မှု ရှိခဲ့ကြောင်း သိရှိရသည်။

တုပ်ကွေးရောဂါ A/H1N1မှ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ ၂၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ Influenza A/H1N1 မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော နေ့စဉ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန်ပစ္စည်းများ ဖြန့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A/H1N1ဖြစ်ပွားမှု အခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှ တစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေး အသိပညာပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှ စတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် နယ်စပ်ဒေသ ဝင်ပေါက်/ ထွက်ပေါက်များ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ယနေ့အထိ တုပ်ကွေးရောဂါ A/H1N1 ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တံတားဦးလေဆိပ်၌ ကျန်းမာရေး စစ်ဆေး

တုပ်ကွေးရောဂါ A/H1N1 မှ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်များအား ကျန်းမာရေး စစ်ဆေး

တုပ်ကွေးရောဂါ A/H1N1 မှ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောဖြင့် ဝင်ရောက်လာသော ကမ္ဘာလှည့်ခရီးသည်များအား ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။

(သတင်းစဉ်)

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A /H1N1 ဖြစ်ပွားမှု အခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးအသိပညာပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိ . . .

(18-5)11.pmd 1 5/18/2009, 2:38 AM

တောတောင်ရေမြေခြားသော်လည်း သင်ကြားမှုမခြားသည့်
ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ကျိုင်းတုံတက္ကသိုလ်

တပ်မတော်အစိုးရသည် နိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ဖြစ်သော လူမှုရေး၊စီးပွားရေး၊ ကျန်းမာရေး၊ပညာရေးကဏ္ဍများကို ဒေသ၏ တည်ငြိမ်အေးချမ်းမှုနှင့် အခြေခံကောင်းများ ဖြစ်ပေါ်လာမှုနှင့်အတူ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေသည်။

ပညာရေးကဏ္ဍတွင် “ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်အံ့” ဟူသောဆောင်ပုဒ်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည် ဖော်ဆောင်လျက်ရှိသည်။

၁၉၈၈ခုနှစ် နောက်ပိုင်းတွင် အဆင့်မြင့်ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့ရာ နိုင်ငံတော်တစ်ဝန်းလုံး၌ တက္ကသိုလ်၊ ကောလိပ် ၁၅၈ ခု အထိ ရှိလာခဲ့ပြီး ပြည်နယ်နှင့်တိုင်းများတွင် တက္ကသိုလ်ကောလိပ်အသစ်များကို ထပ်မံတိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ကြောင့်လည်း ကြေးမုံသတင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိစဉ် ယင်းဒေသ၏ ပညာရေးအဆင့်မြင့်မားလာမှုတို့ကို တင်ပြနိုင်ရန်အတွက် မြို့၏အနောက်ဘက် ကျိုင်းတုံ-တောင်ကြီးသွား ကားလမ်းအနီးရှိ ကျိုင်းတုံတက္ကသိုလ်ကြီးဆီသို့ သတင်းခရီးဆက်ခဲ့ကြပြန်သည်။

ကျိုင်းတုံတက္ကသိုလ်ကြီးကို တောင်ကြီး-ကျိုင်းတုံသွား ကားလမ်းနံဘေး မြို့အဝင် နားခမ်းရွာအနီး မြေဧက ၁၇၇ဒသမ၉၉ဧကပေါ်တွင်သုံးထပ်ကျောင်းဆောင်ကြီးအဖြစ်ခံ့ညားထည်ဝါစွာတည်ဆောက်ထားခြင်းဖြစ်သည်။ ထို့အပြင် နှစ်ထပ်တိုးချဲ့ဆောင်အသစ်ကြီးကိုလည်း ထပ်မံတည်ဆောက်ထားရာ ကျောင်းသို့မဝင်မီ အဝေး ကားလမ်းမကြီးပေါ်ကပင် မြင်တွေ့ရပေသည်။

ကျောင်းလမ်းသို့အဝင် ကျောင်းဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသော သစ်ပင်ပန်းမန်များကြောင့် စိတ်နှလုံးအေးမြမှုကိုခံစားနေရစဉ် ကျောင်းအဆောက်အအုံရှေ့တွင် ပါမောက္ခချုပ်ဒေါက်တာကိုကိုမြင့်နှင့်ဆရာ၊ဆရာမများ၏ နွေးထွေးစွာကြိုဆိုမှုဖြင့် ကျောင်းကြီးအတွင်းသို့ ဝင်ရောက်လေ့လာ စေ့ငုခဲ့ကြသည်။

ကျိုင်းတုံတက္ကသိုလ်ကြီးကို ၁၉၉၈ခုနှစ် ဇန်နဝါရီလမှစတင်၍ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ယန်းခမ်းဈေးအနီး အဆောက်အအုံတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

ကျိုင်းတုံတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ကျိုင်းတုံတက္ကသိုလ်။

သတင်းမှတ်တမ်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံမှတ်တမ်း-ငွေးအောင်(ကြေးမုံ)

ရတနာပုံ F.Cမှ ဘမ်ဘူး၏ ထိုးဖောက်မှုကို Southern Myanmar နောက်ခံလူ နိုင်လင်းဦး ဖျက်ထုတ်နေစဉ်။

(သတင်း စာမျက်နှာ-၁၀)

အနောက်တောင်မုတ်သုံလေ ဝင်ရောက်

(မေ၁၇ရက် မွန်းလွဲ၁၂နာရီခွဲအချိန် ထုတ်ပြန်ချက်)

နေပြည်တော် မေ ၁၇

လွန်ခဲ့သော၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့အကြီးဆုံး ရေချိုရေအိုင်ကြီး ဂေဟစနစ်ပြဿနာများ တွေ့ကြုံ

မော်စကို မေ ၁၇

ကမ္ဘာ့အကြီးဆုံးရေချိုရေအိုင်ကြီးဖြစ်သော ဘေကားရေအိုင်ကြီးသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဂေဟစနစ်ဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သုတေသနလေ့လာချက်တစ်ရပ်ကို ကိုးကားလျက် အင်တာနက် သတင်းတွင်ဖော်ပြသည်။

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ဘေကားရေအိုင်ကြီးသည် ရေချိုရေအိုင်များအနက် ဇီဝမျိုးစုံလင်မှုအရှိဆုံးရေအိုင်ဖြစ်ကြောင်း၊ ဇီဝဗေဒပညာရှင်များ၏ ရတနာသိုက်အဖြစ် တင်စားခေါ်ဝေါ်ခံရသော ယင်းရေအိုင်ကြီးကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းပေးခဲ့ကြောင်း၊ ဘေကား ရေအိုင်ကြီးဒေသ၏ သဘာဝအပင်များနှင့်

ဘာသာပြန်-သတင်းလုလင်

သဘာဝတောရိုင်းတိရစ္ဆာန်များမှာ တစ်မူထူးခြားပြီး ကမ္ဘာ့အခြားမည်သည့်နေရာတွင်မျှ တွေ့မြင်နိုင်ခြင်းမရှိကြောင်း **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ဘေကားရေချိုရေအိုင်ကြီး၏ ပသာဒအလှကို ရှုစားကြရပုံမှာ။ *(ဓာတ်ပုံ-အင်တာနက်)*

အင်တာနက်ကျန်းမာရေး
ငါးများနှင့် အခွံမာအသီးများ စားသုံးခြင်းသည် မျက်စိအမြင်လွှာပျက်စီးခြင်းကို ကာကွယ်ပေးနိုင်

ဘာသာပြန်-မောင်ဇော်

ဝါရှင်တန် မေ ၁၇

အိုမီဂါ-၃ ခေါ် အဆီအက်စစ်အများအပြားပါရှိနေသည့် ငါးများ၊ အခွံမာအသီးများနှင့် သံလွင်ဆီတို့ကို စားသုံးခြင်းသည် သက်တမ်းဆက်စပ်ကြွက်သားများ ပျက်စီးခြင်းကို ကာကွယ်ပေးနိုင်သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

၁၉၉၂ မှ ၁၉၉၄ ခုနှစ်ထိ လူဦးရေ၂၄၅၄ဦးကို သြစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ ဒေါက်တာဂျနီဖာအက်စ်အယ်လ်တန်နှင့် အဖွဲ့က လေ့လာခဲ့ကြရာ အဆိုပါလူများ၏အဆီအက်စစ်အမျိုးမျိုးစားသုံးခဲ့မှုနှင့်စပ်လျဉ်း၍ မေးခွန်းများပြုလုပ်၍ လေ့လာခဲ့ကြသည်။ ထို့ပြင် ဒီဂျစ်တယ်ဓာတ်ပုံ မျက်စိအာရုံခံ **စာမျက်နှာ ၉ ကော်လံ၅ သို့ ❐**